# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားဏ်။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ် လက်နက်ကိုင်အကြမ်းဖက် တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာ မဟုတ်ဘူးဆိုတာ ပြောကြားလို

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း



ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ဒီနေ့ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား သဘောတူညီမှုရရှိခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို ချုပ်ဆိုနိုင်ခဲ့တဲ့ (၉) နှစ်ပြည့်မြောက်တဲ့နေ့ပဲဖြစ်ပါတယ်။ ဒီနေ့အခါသမယမှာ သဘောတူစာချုပ် စတင်လက်မှတ်ရေးထိုးခဲ့ချိန်မှာ ပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပမှ အသိသက်သေများ၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကောင်းကျိုးလိုရာများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

NCA စတင်ချုပ်ဆိုချိန်ကတည်းက **“ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်”** ဆိုတဲ့အချက်ကို စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများက အလေးထားမှတ်မိနေကြဦးမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍



**ယနေ့ ဖတ်စရာ**

**ပညာမြင့်မှ လူမျိုးတင့်မည်** — ဆောင်းပါး | စာ ၈

**၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ** — ပြည်တွင်းသတင်း | စာ ၁၁

**နျူးကလီးယားဓာတ်ပေါင်းဖိုများမှထုတ်လုပ်သည့် စွမ်းအင်ကို ဝယ်ယူရန် ဂူလ်ဂဲ လက်မှတ်ရေးထိုး** — နိုင်ငံတကာသတင်း | စာ ၂၀

## ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်းစားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး

နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့သည် 'ကမ္ဘာ့စားနပ်ရိက္ခာနေ့' ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုတို့ တိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့က အလေးထားဆောင်ရွက်ကြရန်အတွက် တိုက်တွန်းနှိုးဆော်သောနေ့လည်းဖြစ်သည်။ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်းစားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး- Right to Foods for a Better Life and a Better Future" ဟူ၍ ဖြစ်သည်။ ဤဆောင်ပုဒ်က လက်ရှိကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့် စိန်ခေါ်မှုများကို ထင်ဟပ်နေပြီး အခြေခံလူ့အခွင့်အရေးအရ လူတိုင်းလုံလောက်သောအာဟာရကို စားသုံးရရှိရန်နှင့် လူသားတို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင် စားရေရိက္ခာ၏ အရေးပါသည့်အခန်းကဏ္ဍတို့ကို အလေးဂရုပြုနိုင်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းလည်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများသည် ကမ္ဘာ့လူဦးရေစားသုံးမှုထက်ပိုမိုသော အစားအစာများကို ဖူလုံပိုလျှံအောင် ထုတ်လုပ်နေကြသော်လည်း ငတ်မွတ်ခေါင်းပါးမှုက ကမ္ဘာလုံးဆိုင်ရာအရေးပါသည့် ပြဿနာတစ်ခုအဖြစ်ဆက်လက်တည်ရှိနေသည်။ ကမ္ဘာတစ်ခွင်ခန့်မှန်းခြေအားဖြင့် လူပေါင်း ၇၃၃ သန်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေကြရပြီး လူသန်းပေါင်း ၂၈၀၀ ကျော်တို့မှာ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကို မစားနိုင်ကြကြောင်း စာရင်းဇယားများက ပြဆိုသည်။ အဆိုပါ ကိန်းဂဏန်းများက ရာသီဥတုဖောက်ပြန်မှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခြင်း၊ စစ်ပွဲများ၊ ပဋိပက္ခများဖြစ်ပေါ်ခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ သာတူညီမျှမှုမရှိခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းတို့အပါအဝင် ပိုးမွှားချည်ခင်များနှယ် ရှုပ်ထွေးနေသည့် စိန်ခေါ်မှုများကို ထင်ဟပ်နေသည်။ စင်စစ် လူတိုင်းအစားအစာရရှိရေးသည် အသစ်အဆန်းအရေးကိစ္စမဟုတ်ဘဲ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါရှိပြီးသော အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ငတ်မွတ်ခေါင်းပါးခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးပြီး ထိခိုက်လွယ်သူများ အထူးသဖြင့် စိုက်ပျိုးရေးအပေါ် မှီခိုနေရသူများအပေါ် ခြိမ်းခြောက်နေသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည်။

ကမ္ဘာတစ်ခွင် အာဟာရချို့တဲ့မှုပုံစံအားလုံး၏ အဓိကအကြောင်းအရင်းသည် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များကြောင့်ပင်ဖြစ်သည်။ ကယ်လိုရီနှင့် အာဟာရဓာတ်များ မလုံလောက်ခြင်း၊ မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များနည်းပါးခြင်းတို့ကြောင့် အာဟာရချို့တဲ့ခြင်းကို ဖြစ်ပေါ်စေပြီး ခန္ဓာကိုယ်အတွင်းအဆီများ အလွန်အကျွံ စုဆောင်းမိခြင်းကြောင့် အဝလွန်ခြင်းစသော ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ ထိခိုက်လွယ်သူ လူအုပ်စုများမှာ ကျန်းမာရေးနှင့် မညီညွတ်သော ဈေးနည်းသည့် အစားအစာများကို ရွေးချယ်၍ မှီခိုစားသုံးနေကြရသည်။ အာဟာရဓာတ်ပြည့်စုံကျန်းမာရေးထက် အဆင်ပြေသလို စားသောက်ကြရခြင်းပင်ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို ကာလကြာရှည်စွာဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ၊ စီးပွားရေးကျဆင်းမှုများက ပိုမိုရှုပ်ထွေးစေသည်။

လက်ရှိကမ္ဘာ့စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုစနစ်သည် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခအကျပ်အတည်းများ၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ထိခိုက်စေနိုင်သလို အပြန်အလှန်အားဖြင့်လည်း ဤစိုက်ပျိုးထုတ်လုပ်မှုစနစ်ကြောင့် မြေဆီလွှာ၊ ရေထုနှင့် လေထုတို့ ညစ်ညမ်းစေခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ ဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေသည့်အတွက် အနာဂတ်တွင် ယင်းစနစ်ကို ပြောင်းလဲသွားနိုင်ရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးရန်လိုအပ်သလို အစားအစာများ အလဟဿဖြစ်စေမှု၊ စွန့်ပစ်မှုတို့ လျှော့ချသွားကြရမည်ဖြစ်သည်။

အစိုးရ၊ လုပ်ငန်းများနှင့်အဖွဲ့အစည်းများအနေဖြင့်မူ အသိပညာနှင့် ကျွမ်းကျင်မှုများကိုမျှဝေရန်၊ ရေရှည်ခံနိုင်ရည်ရှိသော အစားအစာစနစ်များကို ထောက်ပံ့ကူညီပေးရန်၊ စိုက်ပျိုးရေးကဏ္ဍဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပိုမိုရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းဆောင်ရွက်ကြခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်းစားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေးကြရပါမည့်အကြောင်း ။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## ကျေးဇူးတုံ့ဆပ် သည်ခါမြတ်

❖ သီတင်းကျွတ်လ ပြည့်သည့်ညဝယ်
ဗုဒ္ဓမြတ်စွာ၊ ဝတ်သာမှ
လူ့ရွာဌာန၊ သက်သသို့
မြန်းကြွအလာ၊ ရည်မှန်းကာလျှင်
ဆယ်ဖြာလက်စုံ၊ ကြာပဒုံသို
အာရုံညွတ်ခ၊ ပူဇော်ကြသည်
ရွှန်းပဆီမီး ထိန်ထိန်ညီး...။

❖ အဘိဓမ္မာ၊ ဒေသနာကို
ဝါတွင်းသုံးလ၊ သမယဝယ်
ကျွတ်ရထိုက်စွာ၊ နတ်ဒေဝါနှင့်
မာတာမိနတ်၊ ကျေးဇူးဆပ်သည့်
ကြောင်းရပ်ရင်းပြု၊ ဟောမြွက်မှုလျှင်
သာဓုဖန်ဖန်၊ ကောင်းချီးညံသည်
ဖိတ်လျှံသောင်းတိုက် သိမ့်သိမ့်
တည်း...။

❖ အဘိဓမ္မာ၊ ဒေသနာဖြင့်
မာတာမိနတ်၊ ကျေးဇူးဆပ်သည့်
ကောင်းမြတ်ခြင်းရာ၊ မှီငြမ်းကာလျှင်
မာတာပီတ၊ ဘိုးဘေးစ၍
ဤသည့်ကာလ၊ ဂါရဝဖြင့်
ညွတ်ခကော်ရော်၊ ပူဇော်ကြရိုး
တို့ပိုင်စိုးမို့
ကောင်းကျိုးတူယှဉ်၊ ရှေးအစဉ်ကို
ရင်မှာထွေးယှက်၊ မေတ္တာဖက်၍
ကမ်းဆက်မသေ့ ထိန်းပါစို့...။

ဘိုမျိုး(ရွှေဘို)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၅

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၁၅

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီး ဖြစ်ပါသည်။

မိုး/ဇလ

## ဟုမ္မလင်းမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

ဟုမ္မလင်း အောက်တိုဘာ ၁၅

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူလျက်ရှိရာ ယမန်နေ့က ရပ်ကွက်ကျေးရွာအလိုက် စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်းကောက်ယူနေမှုကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး၊ နယ်မြေမှူးများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ကွက် မြို့ပေါ်ရပ်ကွက် ငါးကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စုရှိကာ စာရင်းစစ် ၁၄ ဦး၊ စာရင်းကောက် ၅၀ ခန့်ရှိပြီး ကောက်ကွက်များကိုသတ်မှတ်ချိန်အတွင်းပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)



# အနာဂတ်နိုင်ငံတော်ကြီး ပေါ်ပေါက်စေဖို့ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းရေး စားပွဲဝိုင်းတွေမှာ စုပေါင်းအဖြေရှာမယ်၊ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုပြီးNCA စာချုပ်ကြီး ဖြစ်မြောက်ပေါ်ပေါက်လာအောင် ကြိုးစားခဲ့ကြလို့ အခုလိုငြိမ်းချမ်းရေး လမ်းကြောင်းပေါ်ကို ရောက်ရှိခဲ့ရခြင်းဖြစ်

❍ *ရှေ့ဖုံးမှ*

တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းကြမယ်ဆိုတဲ့ ရည်မှန်းချက်များနဲ့ ဖြစ်ပေါ်ခဲ့ရတဲ့အနှောင့်အယှက်တွေကြားမှာ NCA ကို ကျွန်တော်တို့ ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်ခဲ့ကြလဲ၊ NCA လမ်းကြောင်း ဘယ်လောက်ခိုင်မာမှု ရှိခဲ့ပြီလဲဆိုတာ အားလုံး အသိပဲဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာ သက်ဆိုင်ရာအဖွဲ့အသီးသီးမှ တာဝန်ရှိသူများရဲ့ တွေ့ဆုံမှုပေါင်းများစွာ၊ ညှိနှိုင်းဆွေးနွေးမှုများစွာကနေ အခြေတည်ဖြစ်ပေါ်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်စာချုပ်သစ်တစ်ခုပဲဖြစ်ပါတယ်။ နှစ်ဖက်သဘောတူညီမှုရရှိတဲ့အထိ အကျေအလည်ဆွေးနွေးခဲ့ရပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်နားလည်မှုအပြည့်နဲ့ လိုက်လျောမှုတွေ လုပ်ခဲ့ကြရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသဘောတူစာချုပ်ရေးထိုးပြီးချိန်ကတည်းက စာချုပ်ပါကတိကဝတ်တွေကို လေးစားပြီး တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ရပ်တည်ခဲ့ကြတဲ့ EAO များကို တွေ့ရှိခဲ့ရသလို အခွင့်အခါကိုစောင့်ပြီး အခြေအနေပေးရင်ပေးသလို ကတိကဝတ်တွေကို ချိုးဖောက်ပြီး ကိုယ်ကျိုးရှာ နိုင်ငံရေးအမြတ်ထုတ်နေတဲ့ EAO တွေ ပေါ်ပေါက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနဲ့ ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးဆိုရာမှာ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ဖြစ်ပေါ်လာပြီး (၃) နှစ်အကြာမှာပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲတာတွေကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက်ပေးခဲ့တာကို အားလုံး သိရှိပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ မူဝါဒတွေကို ချမှတ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားတာတွေ၊ လိုက်ပါဆောင်ရွက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ကြဖို့လည်း ဖိတ်ခေါ်မှုများကို ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခများဟာ နိုင်ငံရေးအမြင်မတူမှုများကနေ ပေါ်ပေါက်လာခြင်းဖြစ်တာကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းကြဖို့ ဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ အားလုံးက နိုင်ငံ့အကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းမှာ ပါဝင်လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဒီမိုကရေစီလမ်းကြောင်းကို လျှောက်တဲ့အခါ ပြည်သူတစ်ရပ်လုံးဟာ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့ ဒီမိုကရေစီယဉ်ကျေးမှုတွေ မဖြစ်မနေခံစားနိုင်ဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအစိုးရ အုပ်ချုပ်တဲ့ကာလများမှာ ပြည်သူလူထုအများစုဟာ ဒီမိုကရေစီအနှစ်သာရအပြင် ဒီမိုကရေစီယဉ်ကျေးမှုများနဲ့ အလှမ်းဝေးနေဆဲဖြစ်ခဲ့တာတွေ့ရှိရပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေကနေ ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်းဆောင်ရွက်ကြဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ်မြောက် ဒီမိုကရေစီအစိုးရသက်တမ်းကာလမှာ တစ်ခါတုန်းက မြန်မာ့သမိုင်းထဲကလို တိုင်းတစ်ပါးသားများအပေါ် ယုံကြည်ကိုးစားမှု လွန်ကဲခြင်းတွေကြောင့် တိုင်းပြည်ဘဏ္ဍာတွေဆုံးရှုံးခဲ့ရသလို မဖြစ်မနေ ထိန်းသိမ်းရမယ့် ပြည်တွင်းရေးလျှို့ဝှက်ချက်တွေကိုလည်း အလွယ်တကူ ပေါက်ကြားစေခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရခဲ့ကြတဲ့ အစိုးရအာဏာပိုင်တွေကအစ ဒီမိုကရေစီကျင့်စဉ်ကို လွဲမှားစွာ ကျင့်သုံးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာလည်း အဲဒီအချိန်က အစိုးရရဲ့ မဲမသမာမှုလုပ်ရပ်များဟာ အလွန်အကျည်းတန်စွာ မြန်မာ့သမိုင်းစဉ်မှာ အမည်းစက်ကြီးအဖြစ် ကျန်ရစ်ခဲ့တာ အားလုံးသိပြီးဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့တိုင်းရင်းသားပြည်သူလူထုရဲ့ ရေရှည်အကျိုးကိုမျှော်ကိုးပြီး နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ ဘေးအန္တရာယ်အရပ်ရပ်ကိုကာကွယ်ဖို့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ၂၀၂၁ ခုနှစ်မှာ မမျှော်လင့်ဘဲဖြစ်ပေါ်ခဲ့ရတဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်မှာ တချို့သော EAO များအနေနဲ့ NCA မှာ လက်မှတ်ရေးထိုးထားရှိခဲ့တဲ့ ကတိကဝတ်များကို ဖောက်ဖျက်ပြီး NUG ၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နည်းနဲ့ ထောက်ခံအားပေးခဲ့ပါတယ်။ အဲဒီအကြမ်းဖက်အဖွဲ့များရဲ့ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကိုလည်း ထောက်ပံ့မှုမျိုးစုံပေးပြီး အားပေးအားမြှောက်တွေပြုခဲ့ကြပါတယ်။ ဒါကြောင့်ပဲ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုတွေ အားနည်းခဲ့ရပြီး ပြည်သူလူထုဟာလည်း အကြောက်တရားများနဲ့ ကျီးလန့်စာစားတဲ့ ဘဝကိုရောက်ရှိခဲ့ကြရပါတယ်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှာ စတင်ခဲ့တဲ့ MNDAA ၊ TNLA ၊ AA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကလည်း ပြည်သူများရဲ့ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ဒီမတိုင်မီမှာလည်း KNPP ၊ KNDF ၊ PNLO ၊ KIA နဲ့ KNU လက်နက်ကိုင်သောင်းကျန်းသူများဟာ နယ်မြေဒေသအသီးသီးမှာ အဖျက်အမှောင့်လုပ်ရပ်များစွာကို ဆောင်ရွက်ခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါတယ်။ အဲဒီလိုအကြမ်းဖက်မှုတွေရဲ့နောက်ကွယ်မှာ အမျိုးမျိုးသော ပံ့ပိုးမှုတွေ အဓိကပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကို ကျွန်တော်တို့အစိုးရက မှန်ကန်စွာရှုမြင်ပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို မထိခိုက်အောင် ကာကွယ်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတစ်ခုတိုးတက်စေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ကာကွယ်ရေး မောင်းနှင်အားများ ကောင်းမွန်နေဖို့လိုအပ်ပါတယ်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့် ကာကွယ်ရေးအပိုင်းမှာ အားနည်းနေလို့မရပါဘူး။ နိုင်ငံရေးအားကောင်းဖို့အတွက် ဦးဆောင်ကြသူများက စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်ပေးကြရမှာဖြစ်သလို နိုင်ငံသားအားလုံးကလည်း မိမိတို့နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်မှု ရှိကြဖို့လိုပါတယ်။ နိုင်ငံစီးပွားရေး ကောင်းမွန်လာဖို့အတွက် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြမှသာ တစ်ဦးချင်းကြွယ်ဝချမ်းသာခြင်းကနေ နိုင်ငံစီးပွားရေး ကောင်းမွန်လာမှာဖြစ်ပါတယ်။ စီးပွားရေးအား ကောင်းမွန်မှသာ နိုင်ငံရဲ့ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မှာဖြစ်ပါတယ်။ တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပြည်ပရန်ကာကွယ်ရေးအတွက်သာဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက်မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ ပြည်တွင်းလုံခြုံရေးအခြေအနေအရ အစိုးရကတာဝန်ပေးအပ်မှသာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါတယ်။

မြန်မာ့တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရခေတ်ကတည်းကနေ ဒီနေ့အချိန်အထိ ကာကွယ်ရေးနဲ့ ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပေးအပ်လာတဲ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တာကို သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်တစ်ခုတည်းမှာပဲ အပြည့်အဝတာဝန်ရှိတယ်လို့ မမှတ်ယူကြဘဲ ပြည်သူများရဲ့ အားနဲ့စစ်မှန်တဲ့ပူးပေါင်းပါဝင်မှုအားတို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အထူးသတိကြီးစွာ ပြင်ဆင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ယနေ့ကာလမှာ အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုတွေ၊ အင်အားငယ်တဲ့နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုတွေ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်တွင်းရေးမငြိမ်မသက်မှုတွေဟာ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပွားလျက်ရှိတာကို တွေ့ရပါတယ်။ ဒီလိုပြဿနာများနဲ့ ပဋိပက္ခများကို ဖြေရှင်းရာမှာ အချို့ဒေသများမှာဆိုရင် ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေအထိဖြစ်ပေါ်အောင် ဖန်တီးနေတာတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံအများစုကလည်း နိုင်ငံအလိုက်အင်အားစုရရှိရေး ဒေသဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းပြီး နိုင်ငံရေး၊ စီးပွားရေးစတဲ့ ကဏ္ဍအစုံမှာ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါပေမယ့် နိုင်ငံတိုင်းကတော့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေတာကို သတိပြုမိကြဖို့လိုပါတယ်။ လတ်တလောဖြစ်ပွားခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးပဋိပက္ခနောက်ကွယ်တွေမှာ ဘယ်နိုင်ငံတွေက ဘယ်လိုပါဝင်ပတ်သက်ခဲ့ပြီး တစ်ကျော့ပြန် ခေတ်သစ် ကိုလိုနီနယ်ချဲ့မှုတွေ ဖန်တီးနေတယ်ဆိုတာကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး သတိထားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေနဲ့ နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးမှုရှိအောင် ဆောင်ရွက်ရာမှာ နိုင်ငံတိုးတက်စေဖို့အတွက် အဓိကကျတဲ့ စီးပွားရေးကဏ္ဍများကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ပြည်တွင်းမှာ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံတို့ကို ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးဆောင်ရွက်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံငယ်များအနေဖြင့် မိမိနိုင်ငံအတွင်းမှာရှိတဲ့ သယံဇာတနဲ့ အရင်းအမြစ်များရဲ့စွမ်းအားကို အသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ်ပိုင်အရင်းအမြစ် နည်းပါးတာနဲ့အမျှ စီးပွားရေးထိခိုက်ပြီး အခြားကဏ္ဍအစုံမှာပါ အားနည်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့

*စာမျက်နှာ ၄ သို့*

- ❑ **ယနေ့မှာဆိုရင် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်**
- ❑ **သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့ အာမခံထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိ**
- ❑ **ရွေးကောက်ပွဲမှာ ပါတီစုံပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- ❑ **ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေများကို တွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ ပြောကြားလို**

**“ဒီနေ့အချိန်မှာ အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားအတွက် မိမိတို့နေထိုင်ရာဒေသကို ပြန်ဖျက်ဆီးနေမယ့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ နိုင်ငံတော်ရဲ့အကျိုးအတွက် အားလုံးက အရှည်ကိုမျှော်တွေးပြီး ပူးပေါင်းဆောင်ရွက်ကြဖို့လို၊ ကျွန်တော်တို့အချင်းချင်း သွေးကွဲပြီး ရန်စောင်နေကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စွမ်းအားတွေလျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရတဲ့ လူမျိုးတွေအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်နိုင်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေ့အချိန်အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ တပ်မတော်က ဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး မိမိတို့ရဲ့လိုလားချက်များကို တွေ့ဆုံဆွေးနွေးမှုများကနေ ညှိနှိုင်းကြဖို့၊ တောင်းဆိုကြဖို့ တိုက်တွန်းပြောကြားလို”**

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ဖို့အတွက် အရင်းအမြစ်ကောင်းများ ရှိထားပါတယ်။ ကမ္ဘာပေါ်မှာ ကြုံတွေ့လာနေတဲ့ စားနပ်ရိက္ခာလုံခြုံရေးကို ပံ့ပိုးပေးနိုင်သော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ အခြားသော ကြေးနီ၊ သံ၊ ခဲမဖြူစတဲ့ သတ္တုပစ္စည်းများလည်း ထွက်ရှိနေတာကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုနိုင်ငံတော်ရဲ့ သယံဇာတများနဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာ လိုအပ်ပါတယ်။ စီးပွားရေးထိခိုက်အောင် ဆောင်ရွက်နေမှုများကိုလည်း ကျော်လွှားကြရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ကာလမှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့အတူ စီးပွားရေးထိခိုက်မှုတွေက မလွှဲမရှောင်သာ ကပ်ပါလာခဲ့ပါတယ်။ ကိုဗစ်အလွန်ကာလဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေး ပွတ်တိုက်မှုဖြစ်စဉ်တွေကြောင့် စွမ်းအင်လောင်စာပြဿနာတွေပေါ်ပေါက်ခဲ့ပြီး အခုဆိုရင်လည်း တချို့နိုင်ငံတွေမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေရဲ့ အဆုံးသတ်မှာ စီးပွားရေးအကျပ်အတည်းဖြစ်စေမှုဆီ ဦးတည်လေ့ရှိတာကြောင့် ပြည်ပနယ်ချဲ့ အင်အားကြီးနိုင်ငံတွေဟာ ကြိုတင်ဖန်တီးပြီး သူတို့အကျိုးကို ဖန်တီးနေကြခြင်းပဲဖြစ်ပါတယ်။ဒါကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ လူသားအရင်းအမြစ်တွေ ပိုင်ဆိုင်လာအောင် ကြိုးစားနိုင်မှသာ ကိုယ့်နိုင်ငံကိုယ့်သယံဇာတတွေနဲ့ ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို အနာဂတ်နိုင်ငံတော်ကြီး ပေါ်ပေါက်စေဖို့ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းရေး စားပွဲဝိုင်းတွေမှာ စုပေါင်း အဖြေရှာမယ်၊ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုပြီး NCA စာချုပ်ကြီး ဖြစ်မြောက် ပေါ်ပေါက်လာအောင် ကြိုးစားခဲ့ကြလို့ အခုလိုငြိမ်းချမ်းရေး လမ်းကြောင်းပေါ်ကို ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်တွင်းပြည်ပ အတိုက်အခိုက် အဖျက်အမှောင့်တွေကြားကပဲ နိမ့်ကျနေတဲ့ စီးပွားရေးကို ပြန်လည်မြင့်တက်လာအောင်နဲ့ အခြားသော ပညာရေး၊ ကျန်းမာရေးနဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းများကို ကဏ္ဍအသီးသီး တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ချိန်ကတည်းက ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း NCA လမ်းကြောင်းအတိုင်းသွားမှာဖြစ်ပြီး NCAသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ တာဝန်ယူချိန်ကတည်းက အခက်အခဲများစွာကြားကပဲ ဦးစားပေး လုပ်ဆောင်ရမယ့်တာဝန်တွေကို အဆင့်လိုက်ချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ယနေ့မှာဆိုရင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့ အာမခံထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲမှာ ပါတီစုံ ပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေများကို တွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ ပြောကြားလိုပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နဲ့ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်တို့ကို အထူးအလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းတည်ငြိမ်အေးချမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တပ်မတော်တစ်ဖက်တည်းကနေပဲ လုံ့လစိုက်နေလို့မရပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ထားရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာပူးပေါင်းဆောင်ရွက်ကြမှသာ ကျွန်တော်တို့အားလုံးသွားချင်တဲ့ ပန်းတိုင်ကိုလျင်မြန်စွာ ရောက်ရှိမှာဖြစ်ပါတယ်။

မလိုလားအပ်တဲ့ လက်နက်ကိုင်လမ်းစဉ်တွေကြောင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနဲ့ ရဟန်းသံဃာများပါမကျန် သေဆုံးခဲ့ကြရတာတွေဟာ တိုင်းပြည်ရဲ့နစ်နာမှုတွေပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို သစ္စာမဲ့၊ အသိဉာဏ်အားနည်းတဲ့ ကိုယ့်နိုင်ငံသားများကသာ ပြည်ပက မြှောက်ထိုးပံ့ပိုးမှုများနဲ့ ဖျက်ဆီးနေခြင်းဖြစ်ပါတယ်။ ဒီလိုပြည်ပပယောဂတွေ လွှမ်းမိုးနေတဲ့ အကြမ်းဖက်မှုတွေ လျော့ပါးစေဖို့၊ တိုင်းပြည်ကာကွယ်ရေးစွမ်းအားတွေ တောင့်တင်းခိုင်မာစေဖို့ အတွက် ကျွန်တော့်အနေနဲ့ ၂၀၁၀ ပြည့်နှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်လုံခြုံရေးကဏ္ဍကို တိုးမြှင့်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူများအားလုံးပါဝင်တဲ့ ပြည်သူ့လုံခြုံရေးစနစ်အတွက်လည်း ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုတွေ ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ပြည်သူအားလုံးဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြတယ်ဆိုတဲ့အသိ ခံယူချက်ကို ရရှိစေမှာဖြစ်ပါတယ်။

အကြမ်းဖက်သောင်းကျန်းသူများရဲ့ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများဟာ နိုင်ငံရေးကိုအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါတယ်။ သူတို့အနေနဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ဖို့ထက် တသီးတခြား ရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာကြတာကို တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေကို မူးယစ်ဆေးဝါးတွေနဲ့ သိမ်းသွင်းမြှူဆွယ်ပြီး စစ်ပွဲထဲအတင်းအဓမ္မ ရောက်ရှိစေခဲ့ကြပါတယ်။ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်တွေသာမက လမ်းတံတားအဆောက်အဦတွေ၊ ဆေးရုံနဲ့ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေပါမကျန် ဖျက်ဆီးခဲ့ကြတာကို အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ အဲဒီလို မင်းမဲ့စရိုက်ဆန်တဲ့ ပြုမူမှုတွေကြောင့် ပြည်သူလူထုအနေနဲ့ အကြမ်းဖက်လုပ်ရပ်တွေအပေါ် ရွံရှာမုန်းတီးနေပြီး တပ်မတော်နဲ့အတူ အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းတွေအပေါ်မှာ တက်ကြွစွာပူးပေါင်းပါဝင်လာခဲ့ကြပါတယ်။ ဆက်လက်ပြီးတော့လည်း တပ်မတော်အနေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို နှိမ်နင်းဖို့လိုအပ်တဲ့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို ထပ်မံဆောင်ရွက်မှာဖြစ်တာကြောင့် ပြည်သူများအနေနဲ့ အကြမ်းဖက်သမားတွေရဲ့ အသုံးချမှုမခံရအောင် သတိပြုကြဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ထပ်မံအသိပေး ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိစေဖို့အတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို တွေ့ဆုံမှုတွေကနေရရှိလာတဲ့ သဘောထားမှတ်ချက်တွေကို Union Accord အဖြစ် မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။ NCA ကနေတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်သွားမှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ပန်းတိုင်ကို အရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ အားလုံးအတူတကွ မြန်မာဆိုတဲ့စိတ်နဲ့ ရှေ့ဆက်ကြဖို့ပဲလိုပါတယ်။ ဒီလိုမဟုတ်ဘဲ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံပြီး မိမိတို့နိုင်ငံသားချင်း သွေးမြေကျအောင် ကြံစည်ဆောင်ရွက်နေတဲ့ ပြည်ပနိုင်ငံတွေရဲ့ သွေးထိုးမြှောက်ပင့်မှုတွေအပေါ် ယုံစားနေကြဦးမယ်ဆိုရင် ကျွန်တော်တို့ သွားလိုတဲ့အနာဂတ်နိုင်ငံတော်ခရီးဟာ အလှမ်းဝေးနေဦးမှာပဲ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ဟာ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံများရဲ့ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုတဲ့အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားတဲ့ လူမျိုးစုများအကြား စည်းလုံးမှုမရှိအောင် နည်းလမ်းအမျိုးမျိုးနဲ့ သွေးခွဲမှုတွေ လုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအား လျော့ပါးလာအောင် နိုင်ငံရေးအရရော စီးပွားရေးအရပါ မတည်မငြိမ်ဖြစ်အောင် ဖန်တီးနေတာတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြတဲ့ ညီအစ်ကိုအရင်းတွေ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကြုံတွေ့လာရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို လက်ချင်းချိတ်ပြီး ရင်ဆိုင်ဖြေရှင်းခဲ့ကြတဲ့သူများဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားအတွက် မိမိတို့နေထိုင်ရာဒေသကို ပြန်ဖျက်ဆီးနေမယ့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ နိုင်ငံတော်ရဲ့အကျိုးအတွက် အားလုံးက အရှည်ကိုမျှော်တွေးပြီး ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ ကျွန်တော်တို့အချင်းချင်း သွေးကွဲပြီး ရန်စောင်နေကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စွမ်းအားတွေ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရတဲ့ လူမျိုးတွေအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေ့အချိန်အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ တပ်မတော်ကဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး မိမိတို့ရဲ့ လိုလားချက်များကို တွေ့ဆုံဆွေးနွေးမှုများကနေ ညှိနှိုင်းကြဖို့၊ တောင်းဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိဂုံးချုပ်အနေနဲ့ပြောရရင် လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာ မဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး **“မြန်မာ”**ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကိုချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ အချင်းချင်းပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့လိုပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ဖြစ်ပေါ်လာမယ့် ရွေးကောက်ပွဲဆိုင်ရာ အကြိုလုပ်ငန်းစဉ်ကဏ္ဍများမှာ EAO များရော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကပါ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များထားရှိပြီး ကိုယ်စီကိုယ်စီ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့နဲ့ နိုင်ငံ့သားကောင်းစိတ်ဓာတ်တို့ကို ပြသကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများ အလုံးစုံချုပ်ငြိမ်းအဆုံးသတ်သွားနိုင်ရေးအတွက် အစိုးရနှင့်အတူလက်တွဲဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**◆ တပ်မတော်အနေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို နှိမ်နင်းဖို့လိုအပ်တဲ့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို ထပ်မံဆောင်ရွက်မှာ ဖြစ်တာကြောင့် ပြည်သူများအနေနဲ့ အကြမ်းဖက်သမားတွေရဲ့ အသုံးချမှုမခံရအောင် သတိပြုကြဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ထပ်မံအသိပေး ပြောကြားလို**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်း ပြောကြားသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသား အစည်းအရုံး / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အဖွင့်မိန့်ခွန်းပြောကြား

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က NCA (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် နှစ်ပတ်လည်နေ့ ကျင်းပဆောင်ရွက်ခဲ့မှုများကို Video Clip ဖြင့် အကျဉ်းချုံး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသော အသိသက်သေများ ဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)ဦးသိန်းဇော်၊ NCA တွင် ပါဝင်ခဲ့သူများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး (အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ဦးဇိုဇမ်နှင့် ဦးကိုကိုကြီး၊ JMC-U ဒုတိယ ဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်၊ JMC-U အဖွဲ့ဝင် ဦးပြည့်စုံနှင့် CPR မှ ဦးလှမောင်ရွှေတို့က NCA အထိမ်းအမှတ် အမှတ်တရ စကားများ ပြောကြားကြသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသား အစည်းအရုံး / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှ ခေါင်းဆောင်များက NCA အထိမ်းအမှတ် အမှတ်တရ စကားများ ပြောကြားကြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးခဲ့စဉ်က ကိုယ်တိုင်ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအား NCA(၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

### ဆက်လက်ကျင်းပ

ထို့နောက် မွန်းလွဲပိုင်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA(၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် အစီအစဉ်အား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေ့လာဆန်းစစ်ပြုစုတင်ပြရေး အဖွဲ့ လေးဖွဲ့က ပြုစုထားသော စာတမ်းလေးစောင်ဖြစ်သည့် **" ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေး"**၊ **"ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြား အာဏာခွဲဝေကျင့်သုံးမှုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ရွေးချယ်ခန့်ထားခြင်း"**၊ **"ပြည်ထောင်စုစနစ်ခိုင်မာစေရေးနှင့် တိုင်းရင်းသားရေးရာဆိုင်ရာများ"** နှင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ"** တို့အား အကျဉ်းချုပ် ဆွေးနွေးတင်ပြသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက **"အနာဂတ်မြန်မာနိုင်ငံတော်ကို ပုံဖော်ခြင်း"** ခေါင်းစဉ်ဖြင့် လက်ရှိနိုင်ငံရေးအခြေအနေနှင့် ရွေးကောက်ပွဲကျင်းပရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် အခြေခိုင်မာရေး၊ လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်အဟုန်ဖြင့် ဆက်လက်ဖော်ဆောင်နိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်နိုင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်နှင့် နည်းလမ်းများ စသည်တို့နှင့် ပတ်သက်ပြီး သဘောထားအမြင်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားများအား စုစည်းကောက်နုတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေးပြောကြားချက်များအပေါ် ကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားစဉ်။

❖ *ကျောဖုံးမှ*

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးထားမှု၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အခြားဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြီး အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာလွှဲပြောင်းပေးအပ်ရေးပင်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးပမ်းပြင်ဆင်လျက်ရှိ**

**❖ အဆိုပါ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးသည် အရေးကြီးမှု၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိသဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်သည့်အခြေအနေများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြား**

**အောင်မြင်စွာ အကောင်အထည်ဖော်**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြီး အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာလွှဲပြောင်းပေးအပ်ရေးပင်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးပမ်းပြင်ဆင်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးသည် အရေးကြီးမှု၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိသဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှသာ လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်သည့် အခြေအနေများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည် ဖြစ်သည့် အခြေအနေများ။

**ပူးပေါင်းလာစေရေးအတွက်လည်းစည်းရုံး**

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများအလိုက် စနစ်တကျ ဖွဲ့စည်းထားရန်၊ ပြည်သူအားလုံး ပါဝင်ပူးပေါင်းလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ထို့အပြင် အဆိုပါ အဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရန် လိုအပ်သည့် အခြေအနေများ၊ အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

လုံခြုံရေးအသိ၊ လုံခြုံရေး သတိဖြင့် စောင့်ကြည့်နေရန် လိုအပ်သည့်အခြေအနေများ၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်းနှင့် မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်နေရန် လိုအပ်သည့်အခြေအနေများ။

**လိုအပ်သည်များဆွေးနွေးမှာကြား**

ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပျက်စီးဆုံးရှုံးနိုင်သည့် သီးနှံများအတွက် အချိန်မီအစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များအပြင် အခြားလိုအပ်သည်များကိုလည်း စီမံဆောင်ရွက်ထားရန်လိုအပ်သည့် အခြေအနေများ၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ စာရင်းကောက်ယူခြင်းမှ ရရှိလာသည့် ရလဒ်များသည် နိုင်ငံအတွက် အရေးပါသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရမည့် တာဝန်ရှိအဖွဲ့အစည်း ပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံ၏ ပကတိအခြေအနေကိုရရှိရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရရှိသည့် အချက်အလက်များသည် ပြည်သူတစ်ဦးချင်းမှစ၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများမှလည်း ယခုထက်ပိုမိုပါဝင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်စွာ ကောက်ယူနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုပ်အားဒါနဖြင့် တာဝန်ယူကောက်ခံနေကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်ကောက်ကွက်များအလိုက် အတတ်နိုင်ဆုံး ပြည့်မီအောင် ကြိုးပမ်းကောက်ယူသွားကြရန်နှင့် စာရင်းကောက်ယူရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များကို ပြည်သူများက ပြည့်စုံမှန်ကန်စွာ ဖြေကြားနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပေးခြင်းဖြင့် အသိပညာ၊ ဗဟုသုတများ မျှဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားပြီး အခြားလိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ကြိုဆိုနှုတ်ဆက်**

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးမေးမြန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ထောက်ပံ့ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များအား သီးခြားစီသွားရောက် တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှု ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၅**

တက္ကသိုလ်များတွင်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ် လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ နယ်မြေခံ သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီ စခန်းချလေ့ကျင့်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်၍ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လက်နက်ငယ်ဘာသာရပ် လေ့ကျင့်သင်ကြားပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။



ထို့နောက် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သင်တန်းသားများ၏ အိပ်ဆောင်နှင့် စားရိပ်သာ ခန်းမအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပညာမြင့်မှ လူမျိုးတင့်မည်

ပြည့်စုံညီမိမ်း

◆ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိသည်။ ဤပြောင်းလဲမှုသည် ကမ္ဘာ့အခြေအနေများကို နှိုင်းယှဉ်သုံးသပ်ပြီး ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်ကို အသုံးချကာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေးဆီ ဦးတည်လျက်ရှိကြောင်း စာရေးသူသုံးသပ်မိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရှိစေရန်နှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးသည်အထိ ပညာသင်ယူစေရန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပညာရေးရည်မှန်းချက်ပင်ဖြစ်သည်။ KG+9 အထိ တက်ရောက်အောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အရေးရရှိပေမည်။

"ပညာမြင့်မှ လူမျိုးတင့်မည်" ဟူသောဆောင်ပုဒ်သည် အဓိပ္ပာယ်ပြည့်ဝမှုများနှင့် အလွန်လေးနက်မှန်ကန်သော ဆောင်ပုဒ်ပင်ဖြစ်ပါ၏။ အခြားနိုင်ငံတွေမှာ ပညာ၏အရေးပါမှုနှင့်ပတ်သက်၍ မည်သို့ဆောင်ပုဒ်များချမှတ်ထားသည်ကို မသိရသော်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ခဏတာရောက်ခဲ့စဉ် မြေအောက်ရထားစီးရင်း စာအုပ်နဲ့မျက်နှာထိလုမတတ် စာဖတ်သူတွေကို စာရေးသူတွေ့ခဲ့ဖူးသည်။ ထို့အပြင် ဂျပန်ရောက်ဖူးသည့် မိတ်ဆွေတချို့ကလည်း ဂျပန်ပြည်သူများ၏ ပညာရှာဖွေဆည်းပူးမှုကို ပြောပြသည်။ စင်ကာပူနိုင်ငံသားတို့သည်လည်း ထိုနည်းအတိုင်း ပညာရှာသည်ဟု သိရသည်။ ပညာကြောင့်ပဲ သဲကန္တာရထဲက အစ္စရေးနိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာတွင် ထိပ်ဆုံးကရှိနေသည်။ ရေရှားပါးသည့် သဲကန္တာရထဲက အစ္စရေးနိုင်ငံတွင် အခြားသောနိုင်ငံများက စိုက်ပျိုးရေးနည်းပညာများ လာရောက်သင်ကြားနေကြရသည်။ ပညာ၏ တန်ဖိုးကြီးမားအကျိုးသက်ရောက်မှုကြောင့် ဒုတိယကမ္ဘာစစ်အပြီး ၁၆ နှစ်အကြာတွင် ဆိုဗီယက်ပြည်ထောင်စုသည် အာကာသခရီးကို စတင်နိုင်ခဲ့သည်။ ကျွန်းနိုင်ငံပီပီ ဆူနာမီနှင့် ငလျင်ဒဏ်များ မကြာခဏ ကြုံရလေ့ရှိသည့်ကြားမှ ဂျပန်နိုင်ငံမှာ တိုးတက်ပြီးရင်း တိုးတက်နေဆဲ။ အားလုံး၏အခြေခံသည် ပညာကြောင့်ပင်ဖြစ်ပါ၏။ နိုင်ငံသားများ ပညာအရည်အသွေးမြင့်မားလျှင် နိုင်ငံသည်လည်း တိုးတက်ဖွံ့ဖြိုးလာရသည်မှာ အထင်အရှားပင် ဖြစ်ပါ၏။

### ဆင်ခြင်သတိပြုမိခဲ့

မကြာသေးမီက စာရေးသူ AI ဉာဏ်ရည်တုနည်းပညာအကြောင်း ဖတ်လိုက်ရသည်။ အင်မတန်အံ့အားသင့်သွားရ၏။ အကြောင်းမှုကား လူမှုကွန်ရက်တွင် မြင်တွေ့နေရသည့် AI ဖန်တီးချက်များကိုသာ စာရေးသူသိထားခဲ့ခြင်းဖြစ်၏။ အဆိုပါဆောင်းပါးကို ဖတ်လိုက်ရတော့မှ AI နည်းပညာကို လွဲမှားစွာ အသုံးချကာ လူ့အဖွဲ့အစည်းအတွင်း လုံခြုံမှု၊ ယုံကြည်မှုများ ပျက်ပြားခြင်းမှတစ်ဆင့် အကြောက်တရားများဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများကို တွေ့ခဲ့ရသည်။ လူ့အဖွဲ့အစည်းကို အကျိုးပြုနေသည့် AI ဖန်တီးမှုများသည် ကောင်းမွန်လှသော်လည်း ပညာကိုရေလိုက်လွဲ မိုက်မဲသူများကြောင့် အပျက်တရားဆီရောက်ရသည်ကို ဆင်ခြင်သတိပြုမိခဲ့ပါသည်။

### ပညာရေးပြုပြင်ပြောင်းလဲမှု

စာရေးသူတို့ငယ်စဉ် ကျောင်းသားဘဝတွင် ဆရာတစ်ဦးဆုံးမလေ့ရှိသည့် စကားတစ်ခွန်းမှာ "ပညာဆိုတာ ရတဲ့နေရာယူ၊ လိုတဲ့နေရာသုံး" ဟူ၍ပင်ဖြစ်၏။ ထိုသို့ကြားရစဉ် စာရေးသူ၏ ဖခင်နှင့်သူ၏ မိတ်ဆွေတစ်ယောက်ကို သတိရမိသည်။ စာရေးသူ၏ဖခင်က သူတို့ခေတ်ပညာရေးအရ ခုနစ်တန်းအောင်ခဲ့သည်။ ထိုစဉ်က ခုနစ်တန်းအောင်သူသည် ယနေ့တက္ကသိုလ်ဘွဲ့ရနီးနီး အသိအမှတ်ပြုခံရသည် ဆို၏။ အဖေသည် သူခုနစ်တန်းပညာဖြင့် စာရေးသူတို့မောင်နှမတွေကို ရှေ့နေ၊ ကွန်ပျူတာဘွဲ့ရနိုင်ငံ့ဝန်ထမ်းများအဖြစ် သင်ကြားပျိုးထောင်ပေးနိုင်ခဲ့သည်။ အဖေ့မိတ်ဆွေ ခုနစ်တန်းအောင်သူမှာလည်း စက်မှုသိပ္ပံကျောင်းများ မတက်ခဲ့ရသည့်တိုင်အောင် ရွာမှာပျက်သမျှ ရေစက်၊ မီးစက်မှန်သမျှ ပြုပြင်တတ်သည်။ စက်ဘီးဆိုလည်း ပြင်တတ်ပြန်သည်။ ဆီချေးနံ့တသင်းသင်းဖြင့် ကျောင်းမှာမသင်ခဲ့ရသော ပညာကို ဝါသနာ၊ စူးစမ်းလေ့လာမှုတို့မှ တစ်ဆင့် သင်ယူကာ ဝမ်းစာအဖြစ် ကူးပြောင်းခဲ့သည့် အဖေ့မိတ်ဆွေကို စာရေးသူ အထင်ကြီးခဲ့မိပါ၏။ ထိုသို့ ပညာ၏အရေးပါမှုကို သိနားလည်ကြသော မိဘများက ယင်းတို့၏ သားသမီးများကို ပညာအမွေပေးဖို့ ကြိုးစားခဲ့ခြင်းမှာ မထူးဆန်းပေ။ ပညာ၏ အသုံးချတန်ဖိုးနှင့် ပတ်သက်၍ စာရေးသူစွဲနေသော ဇာတ်ကားတစ်ကားရှိသည်။ ကမ္ဘာကျော် အိန္ဒိယရုပ်ရှင် "3 Idiots" ဇာတ်ကားပင်။ အငြိမ်းစားမယူခင်ကာလများအတွင်း လုပ်ငန်းခွင်စိတ်ဖိစီးမှုအချို့နှင့် ကြုံသည့်အခါ ကြည့်ဖြစ်သော ရုပ်ရှင်ကားပင်ဖြစ်ပါ၏။ ငွေနောက်မလိုက်ဘဲ ပညာနောက်သာ ဦးစွာလိုက်ဖို့၊ ရတဲ့နေရာမှာ ပညာရှာပြီး လိုတဲ့နေရာမှာပြန်သုံးဖို့၊ တွေးခေါ်စဉ်းစားမှုကို အသားပေးဖို့ ဦးတည်ချက်ကောင်းများကြောင့်လည်း ကမ္ဘာကျော်ခဲ့ခြင်းဖြစ်သည်ကို ကြည့်ဖူးသူတိုင်း သတိပြုမိကြပါလိမ့်မည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိသည်။ ဤပြောင်းလဲမှုသည် ကမ္ဘာ့အခြေအနေများကို နှိုင်းယှဉ်သုံးသပ်ပြီး ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်ကို အသုံးချကာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေးဆီဦးတည်လျက်ရှိကြောင်း စာရေးသူသုံးသပ်မိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရှိစေရန်နှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးသည်အထိ ပညာသင်ယူစေရန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပညာရေးရည်မှန်းချက်ပင်ဖြစ်သည်။ KG+9 အထိ တက်ရောက်အောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အရေးရရှိပေမည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးနှင့် ပတ်သက်၍ အလေးထားစဉ်းစားတွေးခေါ်ဆောင်ရွက်နေသည်ကို အစည်းအဝေးများ၊ ခရီးစဉ်တွေ့ဆုံပွဲများမှ ပြောကြားချက်များမှတစ်ဆင့် မြင်တွေ့ကြားသိနေရသည်။ အခြေအနေအရပ်ရပ်ကြောင့် KG+12 အထိ မတက်ရောက်နိုင်သူများကို အနည်းဆုံး KG+9 အထိ ပြီးမြောက်စေလိုသည်။ သို့မှသာ နောက်ထပ်အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ထပ်မံဆည်းပူးနိုင်မည်ဖြစ်သည်။ သို့သော် ဖြစ်နိုင်လျှင်တော့ အားလုံးကို KG+12 အထိ တက်ရောက်အောင်မြင်စေလိုသည်။ မှန်ပါသည်။ စာရေးသူအထက်တွင် ပြောခဲ့သလို မိဘတိုင်း သားသမီးကို ပညာတတ်ဖြစ်စေလိုသည်။ ဝါသနာအရ အတတ်ပညာနည်းနည်းဖြင့် စူးစမ်းလေ့လာခြင်းသည် ပြည့်စုံမှုမရှိသေးဘဲ အမှန်တကယ်

❖ အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ဆရာအရည်အသွေး၊ ကျောင်းသားအရည်သွေးများကိုပါ မြင့်မားလာအောင် ကြိုးစားလျက်ရှိသည်။ စာပေသင်ကြားရေးအတွက် လိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အဦများ၊ အသုံးအဆောင်ပစ္စည်းများ၊ သောက်သုံးရေရရှိမှု၊ ကျောင်းဥပမိရုပ် သန့်ရှင်းကောင်းမွန်မှုရှိစေရေးတို့အတွက်လည်း ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်နေသည်ကို တွေ့ရှိရသောကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် အားရဖွယ်ပုံရိပ်များပင်ဖြစ်သည်ဟု စာရေးသူသာမက အမှန်ကို အမှန်အတိုင်း ရှုမြင်တတ်သူများက ယုံကြည်လက်ခံကြသည်။

တတ်ကျွမ်းနားလည်သည့် ပညာပြည့်ဝသော နည်းပေးလမ်းပြဆရာများဆီမှ ပညာများကို သင်ယူထားမှသာလျှင် ထဲထဲဝင်ဝင် သိနားလည်နိုင်ပေမည်။

### အနာဂတ်နိုင်ငံတော်ကြီးအတွက် အားရဖွယ်ပုံရိပ်များ

အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ဆရာအရည်အသွေး၊ ကျောင်းသားအရည်သွေးများကိုပါ မြင့်မားလာအောင် ကြိုးစားလျက်ရှိသည်။ စာပေသင်ကြားရေးအတွက် လိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အဦများ၊ အသုံးအဆောင်ပစ္စည်းများ၊ သောက်သုံးရေရရှိမှု၊ ကျောင်းဥပမိရုပ် သန့်ရှင်းကောင်းမွန်မှုရှိစေရေးတို့အတွက်လည်း ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်နေသည်ကို တွေ့ရှိရသောကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် အားရဖွယ်ပုံရိပ်များပင်ဖြစ်သည်ဟု စာရေးသူသာမက အမှန်ကို အမှန်အတိုင်း ရှုမြင်တတ်သူများက ယုံကြည်လက်ခံကြသည်။

"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏" ဟူ၍ ငယ်စဉ်ကသင်ခဲ့ရသည်။ ယနေ့ထက်တိုင်အောင်လည်း နှုတ်ဖျားတွင် အာဂုံဆောင်ထားမိသည်။ ပညာတတ်တိုင်း နှလုံးလှသူမဟုတ်ကြောင်းကို အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ တဖြည်းဖြည်းဆင်ခြင်သုံးသပ်မိလာသည်။ ဥပမာအားဖြင့် လူသားတို့၏ စူးစမ်းလေ့လာမှုကြောင့် အတတ်ပညာ၊ နည်းပညာများ ထွန်းကားလာရသည်။ ကွန်ပျူတာကို တီထွင်နိုင်ခဲ့ကြသည်။ ကွန်ပျူတာနှင့် လေကြောင်းပညာတွဲဆက်ခဲ့သည်။ ကွန်ပျူတာနှင့် အင်ဂျင်နီယာ၊ ဆေးပညာများကို ချိတ်ဆက်အသုံးချခဲ့ကြသည်။ လူ့ပတ်ဝန်းကျင်အတွက် ကောင်းကျိုးများပင်ဖြစ်ပါ၏။ သို့သော် အတတ်ပညာပြည့်ဝပြီး အသိပညာအားနည်းသူများက မိမိတို့ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်၍ အလိုလောဘများနောက်လိုက်ကာ ကွန်ပျူတာနည်းပညာဖြင့် လူပုဂ္ဂိုလ်ရေးနှောင့်ယှက်မှုများ၊ လိမ်လည်မှုများ၊ ထိုမှတစ်ဆင့်တက်သော် သူတစ်ပါးနိုင်ငံ၏ပြည်တွင်းရေးလျှို့ဝှက်ချက်များကို ထောက်လှမ်းပြီး နိုင်ကွက်ရှာမှုများကို ကျူးလွန်လာခဲ့ကြသည်။ ပညာပြည့်ဝပါလျက် နှလုံးသားမလှပသူများကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းချင်း ညစ်နွမ်းနေရသည်။ ထိုညစ်နွမ်းမှုများကို သန့်စင်အောင် ကြိုးစားရမည်မှာ မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိပါသည်။ မျိုးဆက်သစ်လူငယ်များ ထိုကဲ့သို့ တာဝန်များထမ်းဆောင်နိုင်ရန်၊ မှန်ကန်သော အသိပညာ၊ အတတ်ပညာများ ဆည်းပူးနိုင်ရန် ယနေ့အချိန်တွင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသည်ဟု ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများအရ စာရေးသူ ဆင်ခြင်သုံးသပ်မိသည်။

### ပြောင်းလဲတိုးတက်လာသောနည်းပညာ

စာရေးသူတို့ငယ်စဉ်က ကြံ့ရည်ဆိုင်တွင် ကြံ့ရည်တစ်ခွက်ရဖို့အရေး လက်မောင်းများတောင့်အောင် ကြိတ်ကြရသည်ကို မှတ်မိနေသေးသည်။ ယနေ့ မော်တာဖြင့် ကြံ့ရည်ကြိတ်နေကြလေပြီ။ ငယ်စဉ်က ဆံပင်ညှပ်ဆိုင်ရောက်လျှင် စက်ကတ်ကြေး တကျွိကျွိမြည်သံဖြင့် အညှပ်ခံခဲ့ရသည်။ ယနေ့ စက်ကတ်ကြေးဒဏ်မခံရတော့ဘဲ လျှပ်စစ်သုံးမော်တာများဖြင့်

စာမျက်နှာ ၉ သို့

> ❑ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များသည် အချိန်ကာလ၏ ရွေ့လျားခါဆောင်မှုကြောင့် အသက်အရွယ်ကြီးလာသည့် လူကြီးသက်သက် ဖြစ်လာရခြင်းမျိုးမဟုတ်ဘဲ ငယ်စဉ်ကလေးဘဝမှစ၍ မိဘဆရာတို့၏ သွန်သင်ဆုံးမမှုနှင့်အတူ လိုက်ပါကြီးပြင်းကြဖို့ လိုအပ်သည်။ မျိုးဆက်သစ်သားသမီးများကို အကြောင်းအမျိုးမျိုးကြောင့် လမ်းမှားလိုက်ခြင်း၊ မဖြစ်ရလေအောင် ငယ်ရွယ်စဉ်ကာလမှစ၍ အနီးကပ်အုပ်ထိန်းသူများက တော်တည့်မှန်ကန်စွာ လမ်းကြောင်းမှန် ပြသကြဖို့လို

*စာမျက်နှာ ၈ မှ*

သက်သက်သာသာရှိနေကြပါပြီ။ အနီးစပ်ဆုံး တိုးတက်မှုလေးများကို တင်ပြခြင်းဖြစ်ပါ၏။ လှေကြီးထိုးရိုးရိုးနည်းအတိုင်းမဟုတ်ဘဲ ပြောင်းလဲတိုးတက်လာသော နည်းပညာနောက်ကို လိုက်ပါနိုင်စွမ်းရှိမှသာ အချိန်ကုန်လူပန်းခြင်းမှကင်းဝေးပြီး လုပ်အားလည်းမြိုင်လာမည်၊ ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်ပေသည်။ Manual စနစ်မှ Mechanization သို့ တဖြည်းဖြည်း ကူးပြောင်းနိုင်ခဲ့ခြင်းသည် ပညာကို ဆင့်ပွားခဲ့ခြင်းကြောင့်ပင်ဖြစ်၏။ သူ့ထက်ငါ အပြိုင်အဆိုင် နည်းပညာကို လက်ဦးမှုရယူတီထွင်ကြံဆလျက် ရှေ့သို့ချီနေကြချိန်တွင် စာရေးသူတို့နိုင်ငံသည်လည်း အပြေးအလွှား ကြိုးစားနိုင်ကာမှ တော်ရာကျပေမည်။

စာရေးသူတို့ငယ်စဉ်ကာလ ကလေးဘဝအရွယ် မိုးရာသီတိုင်း မနက်စောစော ကောက်စိုက်သွားကြသည့် အသံများကို ကြားရသည်။ ကောက်မစိုက်မီ တောင်သူများက ထွန်ကြ၊ ပျိုးကြသည်။ မိုးလေဝသကိုကြည့်ကာ အချိန်အခါအလိုက် ကြဲရမည့်ရက်၊ နုတ်ရမည့်ရက်၊ စိုက်ရမည့်ရက် စသဖြင့် ခေါမဦးချ အလုပ်ကို လုပ်ခဲ့ကြသည်။ လက်မှုလယ်ယာစနစ်ကြောင့် တောင်သူများ ပင်ပန်းကြသည်ဟုဆိုကာ ညည်းညူကြသည်။ ယနေ့ စက်မှုလယ်ယာခေတ်သို့ ရောက်ရှိနေပါပြီ။ စက်နှင့်စိုက်၍ရသလို စက်နှင့်ပင် ရိတ်ကြသိမ်းကြ၊ ခြွေလှေ့ကြပါပြီ။ အားလုံးသည် ပညာမှ အရင်းတည်ခဲ့သည်။ မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး လေးချက်အတိုင်းသာ တိတိကျကျ လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် အထွက်နှုန်းကောင်းများ ပိုင်ဆိုင်ကြမည်မှာ မလွဲပေ။ မျိုး၊ မြေ၊ ရေ၊ နည်း အချက်ကြီးလေးချက်တွင် တစ်ချက်ချင်းစီအလိုက် သုတေသနပြုထားသော ပညာရပ်များပါဝင်နေသည်။ ပြီးစလွယ်မျိုးကို ကြဲသည့်မြေမှာ ရရာမျိုးစေ့နှင့်စိုက်လျှင်၊ အောင်ရေလည်းမရပါလျှင်၊ နည်းလမ်းကျကျနနမရှိပါလျှင် စိုက်သည်ဟုသာ အမည်တွင်ပါလိမ့်မည်။ သေချာသည်ကား အချိန်ကုန် လူပန်းခြင်းပင်။ "မျှော်သလောက်မရပါဘူး၊ ထင်သလောက် မထွက်ပါဘူး" ဟု တောင်သူများ ဆိုတတ်ကြသည်။ သိပ္ပံနည်းကျ တွက်ချက်လေ့လာထားသော မျိုး၊ မြေ၊ ရေ၊ နည်း များအတိုင်း ဂရုတစိုက် စိုက်ပျိုးကြည့်ပါက သေချာပေါက် အထွက်နှုန်းကောင်းကို ပိုင်ဆိုင်ကြမည်ဟု စိုက်ပျိုးရေးဝါသနာပါ၍ စမ်းသပ်လုပ်ကိုင်ဖူးရာမှ ရရှိသော အတွေ့အကြုံဖြင့် စာရေးသူက မျှဝေလိုပါသည်။ ဥပမာအားဖြင့် မျိုးစပါးဆင်းကေရီ - ၃ ကို လယ်မြေအမျိုးအစား၌ စိုက်စနစ် ၉'' x ၄'' ဖြင့် စိုက်ပျိုးပါက တစ်ကေကောက်ကွက်တွင် ကောက်ပင်ရေ ၁၇၄၂၄၀ ဝင်ဆံ့မည်ဖြစ်သည်။ ၎င်းကောက်ကွက်အား မိုးရေချိန် ၂၈''- ၈၀'' နှင့် အပူချိန် ၂၅-၃၅ ° C အတွင်း ရေလိုအပ်ချက် ၆.၀ (ဧက/ပေ) တွင် မြေဩဇာသွင်းအားစု ယူရီးယား နှစ်အိတ်၊ ပိုတက် တစ်အိတ်၊ နွားချေး တင်း ၄၀ နှင့် ကွန်ပေါင်း တစ်အိတ်ထည့်သွင်းပါက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကို ရရှိမည်ဖြစ်သည်။ ထိုကဲ့သို့ မိရိုးဖလာစိုက်နည်းစနစ်တွင် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်ကျင့်သုံးနိုင်ရန်အတွက် ပညာ(အသိပညာ၊ အတတ်ပညာ စသည့်) တတ်မြောက်နေရန် လိုပေသည်။ တစ်ခုတော့ သတိပြုဖို့လိုသည်။ ကိုယ့်အရပ်၊ ကိုယ့်ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် မျိုးရင်းများ ဖြစ်ဖို့လိုသည်ကိုတော့ အခြေခံစဉ်းစားကြရပါလိမ့်မည်။

**ဝင်ငွေသိသာစွာတိုးပွားလာ**

စိုက်ပျိုးရေးသာလျှင်မက မွေးမြူရေးနှင့် ပတ်သက်၍လည်း ထိုအတိုင်းပင်ဖြစ်ပါ၏။ မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူခြင်းမှသည် စီးပွားဖြစ်အထိ မွေးမြူရေးလုပ်ငန်းများတွင် ဒေသကြက်၊ ဒေသဝက်၊ ဒေသနွားတို့ကို သိပ်အဆန်းတကြယ်သဘောမထားဘဲ မွေးမြူတတ်ကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာအတွင်း အချိန်တန် အိမ်ပြန်ရောက်သဘောမျိုး လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူသည်က များကြသည်။ ယနေ့အချိန်တွင် ထိုသို့ ရိုးရိုးလွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခြင်းထက် ခြံလှောင်မွေးမြူခြင်း၊ နည်းပညာအသုံးပြု မွေးမြူခြင်းတို့ဖြင့် အကျိုးအမြတ်ပိုမိုရရှိလာသည်ကို သိရှိလာကြသည့်နောက် မွေးမြူရေးပုံစံများကိုပါ ပြောင်းလဲကျင့်သုံးလာကြသည်။ အကျိုးဆက်အားဖြင့် ဝင်ငွေသိသာစွာတိုးပွားလာခြင်းပင်ဖြစ်၏။ စာရေးသူတို့ ပတ်ဝန်းကျင်တွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလေးနှင့်ပင် သားသမီးပညာရေးကို မကြောင့်မကြ ထောက်ပံ့ပေးထားသော မိသားစုအတော်များများကို သတိပြုမိကြပါလိမ့်မည်။ စိုက်ပျိုးမွေးမြူခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းစေမည်ဟူသော အသိတရားကို စဉ်းစားဆင်ခြင်တတ်သည့် ဉာဏ်ပညာမှတစ်ဆင့်ရရှိပါသည်။ ထိုပညာကို လက်တွေ့အသုံးချခြင်းဖြင့် ဥစ္စာကို ဖြစ်ထွန်းစေကာ ရရှိသောဥစ္စာကို အသိပညာထပ်ပေါင်းလျက် ကုသိုလ်ပြုခြင်းသည် မှန်ကန်သော အသိပညာ၊ အတတ်ပညာတို့ကို ပိုင်ဆိုင်ခြင်းမည်ပေသည်။ စက်ဘီးပြင်သူသည်လည်းကောင်း၊ ပန်းရံ၊ လက်သမားဆရာသည်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာမိသားစုမှ လျှပ်စစ်မီးပြင်သမားသည်လည်းကောင်း တက္ကသိုလ်များမှ ဘွဲ့ဒီဂရီများ မရခဲ့သည့်တိုင်အောင် ကျွမ်းကျင်ရာပညာတစ်ခုဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေကြသည်။ ထိုအသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ဖို့ပင်လျှင် အနည်းဆုံးသော အခြေခံပညာကို ဆည်းပူးခဲ့ရမည်ဖြစ်၏။

ထိုထက်မက အတန်းပညာများဆည်းပူးလျက် အဆင့်မြင့်ပညာရပ်များကို ထပ်မံသင်ကြားနိုင်မည်ဆိုလျှင် ဆိုင်သေးသေးမှ ဆိုင်ကြီးကြီးအထိ ဖြစ်လာပေမည်။ အခြားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလာနိုင်မည်။ ဆိုရသော် ပညာတတ်ခြင်းဖြင့် လူရာဝင်လာခြင်းပင်ဖြစ်၏။ လူ့အဖွဲ့အစည်းကို အကျိုးပြုလာခြင်းပင်ဖြစ်၏။ မြန်မာ့လူ့ပတ်ဝန်းကျင်တွင်လည်း စီးပွားအရာကောင်းသော်ငြား အတန်းပညာချို့တဲ့အားနည်း၍ လူအထင်သေးခံနေရသူ များစွာရှိနေသည်ကို စာရေးသူကိုယ်တွေ့ သိမြင်ခဲ့ရဖူး၏။ မည်သို့ပင်ဆိုစေ ပညာတတ်သူမှာ ပညာမတတ်သူထက် ဦးခေါင်းတစ်လုံးသာနေမည်သာ ဖြစ်ပါ၏။

**အတွေးအခေါ်ဉာဏ်ပညာမြင့်မားကြဖို့လို**

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များသည် အချိန်ကာလ၏ ရွေ့လျားခါဆောင်မှုကြောင့် အသက်အရွယ်ကြီးလာသည့် လူကြီးသက်သက် ဖြစ်လာရခြင်းမျိုး မဟုတ်ဘဲ ငယ်စဉ်ကလေးဘဝမှစ၍ မိဘဆရာတို့၏ သွန်သင်ဆုံးမမှုနှင့်အတူ လိုက်ပါကြီးပြင်းကြဖို့ လိုအပ်သည်။ မျိုးဆက်သစ်သားသမီးများကို အကြောင်းအမျိုးမျိုးကြောင့် လမ်းမှားလိုက်ခြင်း မဖြစ်ရလေအောင် ငယ်ရွယ်စဉ်ကာလမှစ၍ အနီးကပ်အုပ်ထိန်းသူများက တော်တည့်မှန်ကန်စွာ လမ်းကြောင်းမှန် ပြသကြဖို့လိုသည်။ အနီးကပ်အုပ်ထိန်းသူဟု ဆိုရခြင်းမှာ အချို့မိဘနှစ်ပါး ငယ်စဉ်ကတည်းကမရှိကြ၊ ဆွေမျိုးတော်စပ်သူများနှင့် ကြီးပြင်းကြရသည်။ မည်သူနှင့်ပင် လူလားမြောက်ရသည်ဖြစ်စေ ပံ့ပိုးပေး မည့်သူများကိုယ်တိုင် ပညာပြည့်ဝမှုနှင့်အတူ အတွေးအခေါ် ဉာဏ်ပညာ မြင့်မားကြဖို့လိုသည်။ သို့မှသာ လူငယ်များကို လမ်းကြောင်းမှန်ပေါ် ပို့ဆောင်နိုင်ပေမည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများကို လေ့လာကြည့်လျှင် မိစုံဖစုံဖြင့် ငယ်စဉ်ဘဝကို မကြီးပြင်းခဲ့ရသူများလည်း ရှိနေကြသည်။ မြတ်စွာဘုရားသည်ပင်လျှင် မိခင်ရင်း ဆုံးပါး၍ မိထွေးတော်ဖြစ်သူနှင့် ကြီးပြင်းရ၏။ Broken Family မှ ကြီးပြင်းလာသူတိုင်းလည်း လမ်းမှားမရောက်ကြ။ ပညာဉာဏ်ရင့်သန်စေမည့် စာကောင်းပေမွန်များဖတ်ရှုခြင်း၊ မိဘ ဆရာတို့၏ သွန်သင်ဆုံးမမှုကို နာခံခြင်း၊ လောကနီတိပါ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာခြင်းတို့ဖြင့် ကောင်းမွန်သော လူငယ်ဘဝကိုတည်ဆောက်နိုင်ကာ ထိုမှတစ်ဆင့် တန်ဖိုးရှိသော လူကြီးများဘဝဆီ ကူးပြောင်းနိုင်မည်ဖြစ်၏။ "ပညာမတတ်သူ အကန်းနှင့်တူ၏" ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများနှင့် ကင်းဝေးနေသူတို့သည် လူ့ဘဝခရီးကို စမ်းတဝါးဝါးနှင့်သာ လျှောက်လှမ်းရမည်ဖြစ်သည်။ မိမိအတွက်ပင် အကျိုးမပြုနိုင်ပါက မိသားစုအတွက်လည်း အကျိုးမပြုနိုင်၊ နိုင်ငံတော်အတွက် ဆိုပါက ပို၍ဆိုးပေတော့မည်။ တိုင်းပြည်တာဝန်များကို ဆက်ခံရယူကြမည့် မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝမှသာလျှင် ဆင်ခြင်တွေးခေါ်နိုင်စွမ်းနှင့်အတူ နိုင်ငံတော်ကို အကောင်းဆုံးလက်ဆင့်ကမ်း တည်ဆောက်နိုင်ကြမည် ဖြစ်သည်။

ယနေ့အချိန်တွင် ပြည်တွင်း ပြည်ပ အဖျက်သမားမျိုးစုံတို့၏ သွေးခွဲမှိုင်းတိုက်မှုအောက်ဝယ် မျိုးဆက်သစ်လူငယ်အချို့ လမ်းမှားရောက်နေကြသည်မှာ နှမြောဖွယ်ကောင်းလှပါ၏။ ပညာမဲ့သူ အကြမ်းဖက်သမားတို့ကြောင့် အညွန့်တလူလူနှင့် လူငယ်များ၏ ဘဝပေါင်းများစွာ ထိခိုက်နစ်နာခဲ့ကြရသည်။ ထိုသို့သော ပြည်ပမွေနှောက် ခလောက်ဆန်မှုကြောင့် အချင်းချင်းမညီမညွတ်ဖြစ်ရသည်များကို မိမိတို့အကျိုး မလိုလားသော မြန်မာနိုင်ငံကြီး ပြိုကွဲပျက်စီးရေးကြိုးပမ်းနေသော ပြည်ပနိုင်ငံများက အားရဝမ်းသာကြည့်လျက် မျက်ကွယ်ရာတွင် လက်ခုပ်လက်ဝါးတီးနေကြမည်မှာ မလွဲပေ။ ပညာရည်နိမ့်ပါးသောလူမျိုးများဟု မှတ်ယူလျက် ဟားတိုက်ရယ်မောနေကြမည်ကို မျိုးဆက်သစ်တို့ သတိပြုစေလိုမိသည်။ ပညာမမြင့်မားလျှင် လူမျိုးလည်း မတင့်တယ်နိုင်။ ထို့ကြောင့် နောင်တစ်ချိန် နိုင်ငံတော်၏ ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြမည့် လူငယ်များသည် "ပညာရှာ ပမာသူဖုန်းစား"၊ "ပညာရွှေအိုးလူမခိုး" ဟူသည့် အဆုံးအမစကားများကို နာခံမှတ်သားလျက် ပညာမြင့်၍ တင့်တယ်သောလူမျိုးများအဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်နိုင်စေရန် အသိပညာ၊ အတတ်ပညာများကို အပတ်တကုတ် ရှာဖွေကြိုးစားကြရန် တိုက်တွန်းနှိုးဆော်မှုပြုလိုက်ရပါသည်။ ။

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် အောက်တိုဘာ ၁၅**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) တပ်မတော် ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇)၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)တို့မှ ဗိုလ်လောင်းများသည် နည်းပြအုပ်ချုပ်သူများ လိုက်ပါ၍ အောက်တိုဘာ ၇ ရက်မှ ယနေ့အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် နေပြည်တော် ကောင်စီနယ်မြေများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယင်းမြို့များရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီများအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လေ့လာခဲ့ကြရာတွင် မိတ္ထီလာမြို့ရှိတပ်မတော်စက်ရုံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ဆေးရုံများသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အဆိုပါဗိုလ်လောင်းအဖွဲ့များသည်လေ့လာရေးကာလအတွင်း၌ မိတ္ထီလာမြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများကို လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးနှင့် စေတီတော်ကို လည်းကောင်း သွားရောက်လေ့လာ ဖူးမြော်ဥပ္ပါတသန္တိ ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးသည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်အားပေးကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးကိုယ်စားပြု “ဖန်ခါးမြေ” ဇာတ်တော်ကြီးအဖွဲ့က မူရင်း မဟာဇနက ဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

“မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲကို တင်ဆက်ရာတွင် ဝီရိယ၏ စွမ်းအားသည် အထွတ်အထိပ်သို့ ရောက်တတ်စေခြင်း၊ သစ္စာတန်ခိုးသည် သက်မဲ့များကိုပင် ထက်မြက်စေခြင်း၊ သီလစောင့်ထိန်းမှုသည် ဆာလောင်မှုကို သည်းခံနိုင်ခြင်း၊ သူတော်ကောင်းများနှင့် ဆုံတွေ့ကာ စောင့်ရှောက်မှုခံရနိုင်ခြင်း၊ ဉာဏ်ပညာသည် ဘုန်းတန်ခိုးကို ပိုမိုထက်မြက်စေခြင်း၊ ကာယစွမ်းအားသည်လည်း လူအများ အားထားမှုခံရခြင်း၊ မိန်းမမြတ်များသည် မိဂုဏ်ဘဂုဏ် အမျိုးဂုဏ် စောင့်အပ်ခြင်း၊ ယုံမှားသံသယသည် ကောင်းကျိုးပျက်၍ အဆိုးဘက်ရောက်အပ်ခြင်း၊ နိက္ခမပါရမီထူးကြောင့် (၇) ရက်အတွင်း အဘိညာဉ်ကိုရကာ သန္တိသုခရရှိခြင်း စသည့်အနှစ်သာရများကို ခံစားရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယှဉ်ပြိုင်ကပြခြင်း ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “ မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မဟာရေဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၅ရက်တွင်မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကြည့်ရှုအားပေး






**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ Plenary Hall ၌ ကျင်းပသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် Signing Room ၌ ကျင်းပသည့် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲဝင်များက “ပန်းတသင်းသင်း” (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ News Briefing Room ၌ ကျင်းပသည့် စန္ဒရားအတီးပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲဝင်များက “သောင်းသောင်းညံ” (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအဆင့်အလိုက်အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုသုခုမ အမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့် လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထား၊တန်ဖိုးထားထိန်းသိမ်းရန်အတွက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိသည်။

**သတင်းစဉ်**



## ဗဟန်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူပြီးစီးမှုကောက်ကွက်ပိတ်သိမ်း

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ တစ်အိမ်တစ်ဆင်းကောက်ယူလျက်ရှိရာ ရာနှုန်းပြည့် ပြီးသွားပြီဖြစ်သည့်အတွက် ကောက်ကွက်ပိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးခမ်းမှာရုံ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ တက်ရောက်သည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုလတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး နိုင်ငံတော်က ပေးအပ်သည့် ဂုဏ်ပြုငွေအား စာရင်းစစ်၊ စာရင်းကောက်များအတွက် ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(ဝဲပုံ)** **အောင်မြင့်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် **“မဟာဂီတ” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောတောင်စွယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပန်းတသင်းသင်း” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးဆယ့်ရှစ်ဖြာမင်္ဂလာ” သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဂုဏ်တော်ကိုးသွယ်” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် တာဝန်ရှိသူများ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**အကပြိုင်ပွဲ**

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ (သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့် သီဆိုခြင်း)**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုး ဆောင်သယ်ပိုး” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ

*စာမျက်နှာ ၁၂ သို့*






ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။



မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။





ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး အိုးစည်တီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၁၁ မှ*

ပြိုင်ပွဲဝင်များက “ဂီတဖြင့် ပြည်အလှဆင်မည်” ခေါင်းစဉ် ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆို ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးလွန်းသည့် ပန်း” (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ** တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကယားပြည်နယ်၊ ရောဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပန်းဟေဝန်” (ယိုးဒယား) သီချင်း ဖြင့်လည်းကောင်း၊ **အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “သောင်းသောင်း ညံ” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**စောင်းအတီးပြိုင်ပွဲ**

**စောင်းအတီးပြိုင်ပွဲ** ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီ တိုင်းဒေသကြီး၊ ရောဝတီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင် များက “ရေယမုန်” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ** တွင် ရောဝတီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ”(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ** တွင် ရန်ကုန်တိုင်းဒေသကြီး နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညာသပြေဘောင်” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်၊ ရောဝတီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောဟေဝန်လယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ** တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြတ်ပလ္လင် တော်ရှေ့” (ဘွဲ့) သီချင်းဖြင့်လည်း ကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**အိုးစည်အတီးပြိုင်ပွဲ** ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် ကရင် ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က လည်းကောင်း၊ **အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း)ပြိုင်ပွဲ**တွင် ပဲခူးတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယား ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များကလည်း ကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲ**တွင် စစ်ကိုင်း တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရောဝတီ တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကချင် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင် ကြသည်။

**ဆိုင်းဝိုင်းကြီး အဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပ ရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန် တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရောဝတီတိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက လည်း ကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ** တွင် ရောဝတီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။

ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ချင်း ပြည်နယ်၊ ရောဝတီတိုင်းဒေသ ကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင် ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ** ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ **ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့ က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ အနှစ်များကို ဖော်ကျူးသည့် အက အလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**

**ဇာတ်တော်ကြီးပြိုင်ပွဲ** ကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့ လိုက် ဝါသနာရှင်အဆင့် (ပထမ တန်း) ပြိုင်ပွဲ**တွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် မကွေးတိုင်း ဒေသကြီးကိုယ်စားပြု ဖန်ခါးမြေ ဇာတ်တော်ကြီးအဖွဲ့က မူရင်း ဇာတ်တော်ကြီး၏ တီးလုံးတီးချက် များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အက အလှများနှင့် အနုပညာရသ မြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြ သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲ များသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင် များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များ၊ ဒုတိယဝန်ကြီးများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ် များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစု များ၊ သဘင်ကိုချစ်မြတ်နိုးကြ သည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင် များ၏ အုပ်ထိန်းသူများ၊ မိဘများ က ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှု အားပေးခဲ့ကြ သည်။

(၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့် သတ်မှတ်ချက်အနေဖြင့် ဝါသနာ ရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ် ထားသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ပါဝင်ယှဉ်ပြိုင် ခဲ့ကြပြီး ယခု ၂၀၂၄ ခုနှစ် (၂၅)ကြိမ် မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည့်အတွက် ပြိုင်ပွဲဝင်အင်အား ပိုမိုတိုးတက် လာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စန္ဒရားတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၀ – ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ် ယှဉ်ပြိုင်စဉ်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများ



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)



ဦးလှမောင်ရွှေ



ဒေါက်တာအေးမောင်



စောမြရာဇာလင်း



ဦးကိုကိုကြီး

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ**

NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာ မဟုတ်ဘဲ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ဆွေးနွေးညှိနှိုင်းပြီး သဘောတူရေးဆွဲထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားပြီး နိုင်ငံတကာနဲ့ ပြည်တွင်း အသိသက်သေတွေ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမယ့် သမိုင်းဝင်စာချုပ်ပဲ ဖြစ်ပါတယ်။

NCA ရဲ့ အနှစ်သာရက ဒို့တာဝန်အရေး(၃) ပါးကိုရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားဖို့ပဲ ဖြစ်ပါတယ်။ NCA မှာပါရှိတဲ့ အနှစ်သာရတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်ဖို့အတွက် NCA နှစ်ပတ်လည်နေ့ အခမ်းအနားတွေကို နှစ်စဉ်ကျင်းပရခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ဆန္ဒရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ အစဉ်အမြဲ ဖိတ်ခေါ်လျက်ရှိပြီး တွေ့ဆုံဆွေးနွေးမှုတွေကို NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့၊ NCA လက်မှတ် မရေးထိုးထားသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၃)ဖွဲ့၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေနဲ့ ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အခုအချိန်ထိ တွေ့ဆုံဆွေးနွေးမှု ၁၄၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဆွေးနွေးတဲ့ အကြောင်းအရာတွေက ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်လုပ်ရပ်များအား အားပေးကူညီမှုမပြုရေး၊ မူးယစ်ဆေးဝါး၊ လက်နက်/ခဲယမ်းနဲ့ တရားမဝင်လုပ်ငန်းများအား ရောင်းဝယ်ခြင်း၊ ပါဝင်ပတ်သက်ခြင်း မပြုလုပ်ရေး၊ အမှန်တကယ်လိုအပ်နေသော နေရာဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှာ ပြင်ဆင်၊ ဖြည့်စွက်ဖို့ လိုအပ်မယ့်ကိစ္စရပ်တွေကို လွှတ်တော်နဲ့ NCA လမ်းကြောင်းတွေက ပြဋ္ဌာန်းချက်စည်းကမ်းနဲ့အညီ ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။

ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ် ပေါ်ထွန်းလာဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ အဓိကဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်ပြည်သူတွေကလည်း ဆန္ဒမဲပေးရာမှာ ခြိမ်းခြောက်ခံရမှု၊ စိုးရိမ်မှု၊ အနှောင်အဖွဲ့ရှိမှုများမရှိဘဲ လွတ်လပ်ခြင်း၊ တရားမျှတခြင်းတို့နဲ့ မဲပေးနိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးထားတဲ့ EAO တွေ၊ NCA လက်မှတ် မရေးထိုးထားသေးတဲ့ EAO တွေ၊ နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးခဲ့ကြပြီး ဘုံသဘောတူညီချက် ၄ ချက် ညှိနှိုင်းရရှိခဲ့ပါတယ်။ ဒီအချက်တွေထဲက ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးနဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ အချက်ပါရှိပါတယ်။

လက်ရှိအချိန်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြည်တွင်းအရေးသာဖြစ်လို့ပြည်တွင်းရှိ အဓိကသက်ဆိုင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားမှာပဲ ဖြစ်ပါတယ်။ နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရေး NCA ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ NCA လက်မှတ်မရေးထိုးသေးတဲ့ EAO တွေကိုလည်း Bilateral တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးထားသော EAO များ၊ NCA လက်မှတ်မရေးထိုးထားသေးသော EAO များအားလုံးကို တရားဝင်နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာစေရေး စိတ်ရှည်စွာနဲ့ အစဉ်အမြဲ ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)**
**အဖွဲ့ဝင်၊**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ**

ကျွန်တော်တို့တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိဖို့အတွက် လက်မှတ်ထိုးခဲ့တာ ဒီနေ့ဆို (၉)နှစ် ပြည့်မြောက်ပါပြီ။ ငြိမ်းချမ်းရေးက နိုင်ငံတော်အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြတယ်။ NCA ပေါ်ပေါက်လာတာက သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ နိုင်ငံမှာ ငြိမ်းချမ်းရေးရဲ့ အရသာကို အတော်ခံစားခဲ့ရပါတယ်။ တစ်တိုင်းပြည်လုံး လွတ်လွတ်လပ်လပ် သွားလာနိုင်တဲ့ အခြေအနေ၊ တစ်နိုင်ငံလုံး လွတ်လွတ်လပ်လပ် ကူးသန်းရောင်းဝယ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ကာလ ကြုံတွေ့ရပါတယ်။ ဒါကိုတည်မြဲအောင် ဆက်လက်ကြိုးပမ်းရင်း မမျှော်လင့်တဲ့ကိစ္စတွေ ပေါ်ပေါက်လာခဲ့တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ NCA လမ်းကြောင်းပေါ်မှာ ကျန်တဲ့အဖွဲ့တွေ ပါဝင်လာအောင်၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းအောင်၊ ပြည်သူတွေအားလုံး လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်လုပ်ကိုင်စားသောက်နိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့လို အခမ်းအနားကျင်းပနိုင်အောင် ကြိုးပမ်းကြတဲ့ NCA လက်မှတ်ရေးထိုးတဲ့တိုင်းရင်းသားအဖွဲ့တွေ၊ ခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဌာနက တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ မျှော်မှန်းထားတဲ့ ငြိမ်းချမ်းရေးရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ဦးလှမောင်ရွှေ**
**ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအဖွဲ့ (CPR)**

NCA (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကနေ ပြည်သူတွေကိုတင်ပြလိုတာက ကျွန်တော်တို့ အားလုံးမှာ အခက်အခဲတွေ ရှိနိုင်တယ်။ အမြင်မတူမှုတွေ ရှိနိုင်တယ်။ ဒီလိုအမြင်မတူမှုတွေကို လက်နက်ကိုင်တဲ့နည်းနဲ့ ဖြေရှင်းတာက နှစ်ပေါင်းများစွာကြာပြီ မအောင်မြင်ခဲ့ဘူး။ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျမယ်။ ငွေကြေးအရင်းအနှီးတွေ ဆုံးရှုံးတဲ့အပြင် လူသားအရင်းအမြစ်တွေလည်း ဆုံးရှုံးခဲ့ကြရတယ်။ အခုအနေအထားမှာ လက်နက်စွဲကိုင်ပြီး ဖြေရှင်းတာက ရလဒ်ရမယ်လို့ ယုံကြည်သူ ရှိကောင်းရှိမယ်။ ကျွန်တော်တော့ မယုံကြည်ဘူး။ ဒါကြောင့် အခုလိုဆွေးနွေးတဲ့နည်းနဲ့ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ကျွန်တော်တို့ အရင်းအမြစ်ပြုန်းတီးမှုတွေ သက်သာမယ်။ ဖွံ့ဖြိုးတိုးတက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ (နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင်)**

NCA စာချုပ်ဖြစ်တည်လာတာ ၉ နှစ်ပြည့်ပြီ။ ကျွန်တော်တို့အမြင်က မြန်မာနိုင်ငံ၊ မြန်မာ့သမိုင်းမှာ ဒုတိယအရေးကြီးဆုံး စာချုပ်ဖြစ်ပါတယ်။ နိုင်ငံရေးအနှစ်သာရရှိရှိနဲ့ NCA စာချုပ်ကို အသုံးပြုစေချင်တယ်။ ချဉ်းကပ်ပုံ တူချင်မှတူမယ်။ အခြေခံအားဖြင့် NCA သည် ပြည်တွင်းစစ်ကိုရပ်ဖို့ ကနဦးခြေလှမ်းဖြစ်တယ်။ ဘာကြောင့် ပြည်တွင်းစစ် ဖြစ်သလဲဆိုတဲ့ နိုင်ငံရေးဇာစ်မြစ်ကို မရှာဖွေမဖြေရှင်းနိုင်သမျှ ပစ်ခတ်မှုတွေက ဖြစ်နေဦးမှာပဲ။ ဖြစ်တာကိုရပ်ဖို့ ကြိုးစားနေရဦးမှာပဲ။ ဒီတော့ NCA ကို အနှစ်သာရရှိရှိ ပထမခြေလှမ်းအဖြစ် ချဉ်းကပ်တာသည် မှန်တယ်။ တကယ်လို့ NCA မှာ အားလုံးပါဝင်တဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုတဲ့ ရည်မှန်းချက် မပြည့်စုံသေးဘူးဆိုရင် အားလုံးပါဝင်နိုင်အောင် ကျွန်တော်တို့ ဘယ်လို ဆွဲဆောင်စည်းရုံးကြမှာလဲ။ လက်နက်ကိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံရေးအနှစ်သာရမရလို့ လက်နက်ကိုင်တာ။ နောက်ကြောင်းပြန်လိုက်ရင် တန်းတူရေး၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ဆိုတာကို သွားတယ်။ နောက်ပြန်ဆုတ်ရင် အခြေခံဥပဒေမူနဲ့ဆိုင်တယ်။ အခြေခံမူဆိုင်ရာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှု၊ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ပြည့်ပြည့်ဝဝပါတဲ့ အခြေခံဥပဒေတစ်ရပ် မပေါ်ပေါက်သေးသမျှ ကာလပတ်လုံး လက်နက်ကိုင်နေကြမှာပဲ။ ဒါကို နိုင်ငံရေးအနှစ်သာရရှိရှိ တစ်ဆင့်ချင်း ချဉ်းကပ်မယ်ဆိုရင် အခု (၉) ကြိမ်မြောက် NCA နှစ်ပတ်လည်နေ့က ရှေ့သွားမယ့် လမ်းကြောင်းတွေကို မြင်လာမယ်။ ဘယ်လို ချဉ်းကပ်မှာလဲ၊ ချဉ်းကပ်တဲ့အခါမှာ တစ်ဆင့်ချင်းသွားဖို့လိုတယ်။ ဘာဖြစ်နေသလဲ။ Current Situation ကဘာလဲ။ အခုပေးထားချက်ကဘာလဲ။ NCA စာချုပ် ပေးထားချက်ရှိနေပြီ။ ဒုတိယတစ်ချက်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေးထားချက်ရှိနေပြီ။ ဒီပေးထားချက်တွေကို အခြေပြုပြီး ဘယ်လိုလှမ်းမှာလဲ။ ဒီလိုလှမ်းမှပဲ တစ်ဆင့်ချင်း ဖြေရှင်းနိုင်မယ်။ ဒါက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဘက်က အလွန်တရာစဉ်းစားသင့်တဲ့ အချက်ဖြစ်သင့်တယ်။ ဒီလို (၉)နှစ်မြောက် NCA နှစ်ပတ်လည်နေ့မှာ လာရောက်ပြီး ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတာတွေ၊ မျှော်မှန်းချက်တွေကို တင်ပြခွင့်ရတာ ဝမ်းသာပါတယ်။ NCA စာချုပ်မှသည် ငြိမ်းချမ်းပြီးဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်

*စာမျက်နှာ ၁၄ သို့*

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် "(၁၉) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ" သို့ တက်ရောက်







**နေပြည်တော် အောက်တိုဘာ ၁၅**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် "(၁၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ" သို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ဖက်ဒရယ် တရားရုံးချုပ် တရားသူကြီးချုပ် The Rt. Hon. Tun Tengku Maimun Binti Tuan Mat ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံကို ၁၉၈၅ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးသို့ အာရှနှင့် ပစိဖိတ်နိုင်ငံများမှ တရားသူကြီးချုပ်များ နှင့် တရားစီရင်ရေးအကြီးအကဲများ တက်ရောက်၍ တရားစီရင်ရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤညီလာခံသို့တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေး အကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး မိမိတို့နှင့် သက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ရှန်ဂရီလာ ကွာလာလမ်ပူဟိုတယ်၌ ကျင်းပခဲ့သည့် "(၁၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ" သို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ် တရားသူကြီးချုပ် The Rt. Hon. Tun Tengku Maimun Binti Tuan Mat က ကြိုဆိုဧည့်ခံပွဲသို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

"(၁၉)ကြိမ်မြောက်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ" ကို မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်နှင့် LAWASIA အဖွဲ့အစည်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရှန်ဂရီလာ ကွာလာလမ်ပူဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ၂၉ နိုင်ငံမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များက တရားစီရင်ရေးနှင့်ဆက်နွှယ်သောဘာသာရပ်များကို ဆွေးနွေးကြသည်။ ညီလာခံတွင် အဓိကအားဖြင့် လျင်မြန်စွာ ပြောင်းလဲနေပြီး လုံခြုံမှုနည်းပါးလာသည့် ကမ္ဘာကြီးတွင် တရားဥပဒေ စိုးမိုးရေးအပေါ် ယုံကြည်မှုထိန်းသိမ်းရေးနှင့် လေးစားရေး၊ တရားစီရင်ရေးဆိုင်ရာ ပြည့်စုံကောင်းမွန်မှု၊ တရားရုံးများအတွက် ဉာဏ်ရည်တု AI နည်းပညာက ပေးသည့် အကျိုးကျေးဇူးများ၊ တရားရုံးများအတွက် ဉာဏ်ရည်တု AI နည်းပညာကြောင့် ဖြစ်ပေါ်လာသည့် (သက်သေခံချက်၏ တည်တံ့ခိုင်မြဲမှုနှင့်စပ်လျဉ်းသည့် ပြဿနာများအပါအဝင်) စိန်ခေါ်မှုများ၊ ဉာဏ်ရည်တု AI ခေတ်တွင် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို စည်းကမ်းထိန်းသိမ်းခြင်း၊ ရှေ့နေရှေ့ရပ်များအား သင်ကြားပေးခြင်းနှင့် စပ်လျဉ်း၍ တရားရုံးများ၏အခန်းကဏ္ဍ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလျက်ရှိသည့် ကိစ္စရပ်များနှင့် လူမှုမီဒီယာအပါအဝင် တရားရုံးများနှင့် မီဒီယာအကြောင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါညီလာခံသို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းတွင် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်ကိုယ်စားလှယ် Ms. Sara Austin Netzer ကို ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (the Livelihoods and Food Security Fund – LIFT) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၃ မှ*

အသိုက်အဝန်းကြီး ခိုင်ခိုင်မာမာ ပေါ်ပေါက်စေချင်တဲ့ ဆန္ဒရှိပါတယ်။ အောင်မြင်ပါစေ၊ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။

**စောမြရာဇာလင်း**

**ဥက္ကဋ္ဌ၊ ရခိုင်ပြည်**

**လွတ်မြောက်ရေးပါတီ(ALP)**

ရခိုင်ပြည် လွတ်မြောက်ရေးပါတီက လက်မှတ်ထိုးခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ရော ပါတီဥက္ကဋ္ဌအနေနဲ့ပါ တက်ရောက်လာတာဖြစ်ပါတယ်။ NCA နဲ့ပတ်သက်ပြီး အမှတ်တရတွေ အများကြီးရှိပါတယ်။ NCA ကို ကျွန်မတို့ လွယ်လွယ်ကူကူနဲ့ရခဲ့တာ မဟုတ်ပါဘူး။ အတိုက်အခံတွေ၊ စိတ်မောကိုယ်မော ဖြစ်ခဲ့ရတဲ့အချိန်တွေ အများကြီးရှိခဲ့တယ်။ ဒါပေမယ့် NCA ကို ရအောင်ကြိုးပမ်းခဲ့ခြင်းဟာ မြန်မာ့သမိုင်းမှာ အင်မတန် ထူးခြားတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပါတယ်။ ဒီထူးခြားတဲ့ဖြစ်ရပ်ကို တချို့ပုဂ္ဂိုလ်တွေက NCA ပျက်စီးသွားပြီ စသဖြင့်ပြောဆိုကြတာရှိပါတယ်။ NCA လက်မှတ်ထိုးထားကြတဲ့ပုဂ္ဂိုလ်တွေက ပျက်စီးသွားပါပြီ၊ မသုံးတော့ဘူးလို့ မပြောသမျှ NCA က ရှိနေဦးမှာ ဖြစ်ပါတယ်။ စစ်ကို စစ်နဲ့ မဖြေရှင်းဘဲ စားပွဲဝိုင်းနဲ့ဖြေရှင်းဖို့ စဉ်းစားတာက ဒီစာချုပ်ကြီး ဖြစ်ပေါ်လာဖို့ အဓိက အကြောင်းရင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က NCA ကို တန်ဖိုးထားတယ်။ NCA မှာ အားလုံး ပြည့်စုံသလားလို့မေးရင် မပြည့်စုံတာတွေရှိမှာပါ။ ပြည့်စုံမှုရှိအောင် ပြန်လုပ်လိုတဲ့ ဆန္ဒနဲ့ သတ္တိရှိဖို့ အရေးကြီးတယ်။ ဒါကြောင့် NCA နှစ်ပတ်လည်နေ့ကို ကျင်းပခြင်းသည် မင်္ဂလာရှိတဲ့နေ့ထူးနေ့မြတ်အဖြစ် ကျွန်မတို့ သတ်မှတ်ပါတယ်။

**ဦးကိုကိုကြီး**

**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

**(နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင်)**

နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးက မရှိမဖြစ် လိုအပ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အခြေခံကောင်းတွေ တည်ဆောက်ပေးခဲ့ဖို့လိုတယ်။ ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေကနေ အမြန်ဆုံးရုန်းထွက်ပြီး လှပတဲ့ အနာဂတ်ကိုတည်ဆောက်ဖို့ ကျွန်တော် အတတ်နိုင်ဆုံး ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီမိုကရေစီကို လိုလားတောင့်တတဲ့ နိုင်ငံရေးသမားတွေအားလုံးရဲ့ အသက်က ပြည်သူပါ။ ပြည်သူတွေကိုယ်တိုင်က နိုင်ငံရေးနည်းလမ်း၊ အကြမ်းမဖက်တဲ့ နည်းလမ်းနဲ့ ပြဿနာတွေ ဖြေရှင်းနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်အားကောင်းလာအောင်၊ ပြည်သူတွေကြားထဲမှာ ပျံ့နှံ့လာအောင် ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဒီလိုနိုင်ငံရေးဆွေးနွေးပွဲတွေကနေ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ၊ ရလဒ်ကောင်းတွေထွက်ဖို့ ကျွန်တော်တို့ အတတ်နိုင်ဆုံးကြိုးစားသွားပါမယ်။ အမြင်မတူသေးတဲ့သူတွေ အချင်းချင်းလည်း ငါနဲ့မတူ ငါ့ရန်သူဆိုတာမျိုး မသတ်မှတ်ဘဲ သဘောထားကြီးကြီးနဲ့ ဆောင်ရွက်ကြရင် လှပတဲ့အနာဂတ်ကို ကျွန်တော်တို့ ဖော်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း - နန္ဒကျော်စွာ**

**ဓာတ်ပုံ- ကိုထိန်**

❒ ***ကျောဖုံးမှ***

အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေပါသည်။

အဆိုပါ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက် တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်း လာနိုင်ကာ၊ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ဖို့နဲ့ နောက်မျိုးဆက်တွေအနေနဲ့လည်း အိုးစည်ကိုချစ်မြတ်နိုး တန်ဖိုးထားတတ်အောင် ယှဉ်ပြိုင်တာဖြစ်ပါတယ်

ပြည့်ဖြိုးမော်


ဦးမင်းဆွေ


မယမင်းမြတ်


မောင်ခနေလင်း


မစမ်းသီတာအေး


မသွန်းသက်မှူးစံ


ပြည့်ဖြိုးမော်

**(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများ၏ ရင်တွင်းခံစားချက် စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဦးမင်းဆွေ**
**အုပ်ချုပ်သူ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့**

အခုပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲဝင်အားလုံးပေါင်း ၂၂၁ ယောက် ပါပါတယ်။ တခြား အုပ်ချုပ်ပံ့ပိုးနဲ့ မိဘအုပ်ထိန်းသူတွေရောပါဆိုရင် ၃၀၀ ကျော်လောက် ပါဝင်ပါတယ်။ ပြိုင်ပွဲဘာသာရပ်အနေနဲ့ကတော့ ၁၁၃ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်။ ငွေရတုအခမ်းအနားမှာ ပြိုင်ပွဲတွေကလည်း ဘာသာရပ်အစုံယှဉ်ပြိုင်နိုင်အောင်၊ ရွှေတံဆိပ်ဆုတွေ အများကြီးရရှိအောင် လိုအပ်တာတွေကို လိုက်ပံ့ပိုးပေးနေပါတယ်။ မြန်မာ့ယဉ်ကျေးမှုအနုပညာ အဆို၊ အက၊ အရေး၊ အတီး အတတ်ပညာတွေဟာ လက်ရှိ ခေတ်ကာလအခြေအနေအရ ကမ္ဘာ့နိုင်ငံအသီးသီးကနေ အနုပညာ ဂီတရသပေါင်းစုံ လွှမ်းမိုးမှုတွေဟာ ရှိနေမှာပဲ။ ရှိသော်ငြားလည်းပဲ ကိုယ့်ရဲ့ယဉ်ကျေးမှု အနုသုခုမပညာတွေဟာ ပျောက်ဆုံးပျက်စီးမှုမရှိအောင် ထိန်းသိမ်းရမယ်၊ မျိုးဆက်သစ်တွေကို မဖြစ်မနေမွေးထုတ်ရမယ်။ ရွက်ပုန်းသီးအနုပညာရှင်တွေ အများကြီးရှိတယ်၊ ဒါတွေကို ရှာဖွေဖော်ထုတ်ပြီးတော့ ဒီလိုပြိုင်ပွဲကြီးတွေမှာ လာရောက်ယှဉ်ပြိုင်နိုင်အောင် ပံ့ပိုးပေးရမှာဖြစ်ပါတယ်။ ဒီနေ့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ယှဉ်ပြိုင်သွားတဲ့ မောင်နှိုင်းမြတ်သူဆိုရင် အတန်းပညာကိုလည်း သင်ယူနေတယ်။ သူ့မှာအာရုံကြော အားနည်းတာလေးရှိတယ် ဆိုသော်လည်း ကလေးရဲ့ဇွဲလုံ့လမလျှော့တဲ့စိတ်၊ သူ့ရဲ့ဝါသနာ၊ မိဘမျိုးရိုးမှာလည်း အဘိုးဖြစ်သူ မယ်ဒလင်ပညာရှင်ဖြစ်တဲ့အတွက် အနုပညာဗီဇလည်းပါလာတယ်၊ ကြိုးလည်းကြိုးစားတဲ့အတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကြီး ကိုယ်တိုင် မျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့အတွက် သူ့အပေါ်မှာ ကရုဏာစိတ်နဲ့ပါ ပိုပြီးဖြစ်မြောက်စေချင်တဲ့ စေတနာတွေနဲ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။

**မယမင်းမြတ် (ကရင်ပြည်နယ်)**
**အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်း)**
**အဆင့်မြင့်ပညာ**

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဝင်ပြိုင်ခဲ့တာ သုံးနှစ်ဆက်တိုက်ရှိသွားပါပြီ။ တစ်နှစ်မှတော့ ဆုမရရှိသေးပေမယ့် ဒီနှစ်မှာတော့ ရွှေတံဆိပ်ဆုကြီး ရနိုင်မယ်လို့ ထင်ပါတယ်။ အဆိုပြိုင်ပွဲ (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း) ပြိုင်ပွဲမှာ ယှဉ်ပြိုင်သွားမှာပါ။ ဒီနှစ်မှာ ထူးထူးခြားခြား တိုင်းရင်းသားအားလုံး ပိုမိုပူးပေါင်းလုပ်ရတဲ့ ပြိုင်ပွဲတွေကိုမြင်ရတယ်။ ဥပမာအားဖြင့် တိုင်းရင်းသားတူရိယာအစုံနဲ့ တီးခတ်တဲ့ဖွင့်ပွဲ အခမ်းအနားဖျော်ဖြေမှုတွေ၊ ချင်းရိုးရာအကယှဉ်ပြိုင်မှု၊ တိုင်းရင်းသားရိုးရာတူရိယာတွေနဲ့ ယှဉ်ပြိုင်မှုနဲ့ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအက ယှဉ်ပြိုင်မှုတွေရှိတယ်။ အခုလို တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုတွေ ဖော်ထုတ်နိုင်ခြင်းက ကျွန်မတို့နိုင်ငံရဲ့ အောင်မြင်မှုလမ်းစလို့ ယုံကြည်ပါတယ်။ ယဉ်ကျေးမှုတွေကို အပြန်အလှန် တန်ဖိုးထားကြမယ်၊ ထိန်းသိမ်းကြမယ်ဆိုတဲ့အသိကိုလည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကနေ ရရှိလာစေပါတယ်။

**မောင်ခနေလင်း (ရခိုင်ပြည်နယ်)**
**အက (ဝါသနာရှင်၊ ဒုတိယတန်း)**

ကျွန်တော်က မြန်မာအကကနေရရင်ကို ပျော်ရွှင်နေတဲ့သူပါ။ မြန်မာအကကို တက္ကသိုလ်ဝင်တန်းမှာစပြီး စိတ်ဝင်စားမိပြီး လေ့ကျင်ခဲ့တယ်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဝင်ရောက်ခဲ့တာကတော့ (၂၃) ကြိမ်မြောက်က စတင်ခဲ့ပါတယ်။ (၂၄) ကြိမ်မှာလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတော့မရရှိခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော် စိတ်ဓာတ်မကျပါဘူး၊ လာပြိုင်ခွင့်ရတာနဲ့တင် ကျေနပ်ပါတယ်။ ဒီနှစ်မှာလည်း ပြဋ္ဌာန်းသုံးပုဒ်မှာ အားအရဆုံးတီးလုံးနဲ့ ပြိုင်ခွင့်ရခဲ့လို့ ကျေနပ်မိတယ်။ ဆုလည်း မျှော်မှန်းပါတယ်။ အပိုင်နိုင်ဆုံး ကကွက်ကလည်း နံပါတ်၂ တီးလုံးဆိုတော့ ကျွန်တော် ဒီနှစ် ကံကောင်းမယ်လို့ မျှော်လင့်ပါတယ်။ နံပါတ်၂ တီးလုံးရဲ့ ကကြိုးကလည်း ရုပ်သေးပါတော့ ကျွန်တော် ပိုင်နိုင်တဲ့ ကကြိုးကကွက်ဖြစ်ခဲ့တယ်။ အချိန်အားဖြင့် နှစ်လကျော် အပြင်းအထန် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် ကျေးဇူးတင်မိသလို ကျွန်တော်တို့လို မျိုးဆက်သစ်တွေကို နေရာပေး၊ ဖျော်ဖြေခွင့်၊ ယှဉ်ပြိုင်ခွင့်ရဖို့ စင်မြင့်ကြီး စီစဉ်ပေးလို့ အထူးဝမ်းသာမိတယ်။ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ဆိုတာ လူကြီးတွေတင်သာမက လူငယ်တွေမှာလည်း အပြည့်အဝ တာဝန်ရှိတယ်လို့ ခံယူပြီး တစ်ထောင့်တစ်နေရာကနေ အားဖြည့်ခွင့်၊ တာဝန်ထမ်းဆောင်ခွင့်ရတယ်လို့ မှတ်ယူပြီး ဂုဏ်ယူမိပါတယ်ခင်ဗျာ။

**မစမ်းသီတာအေး (ချင်းပြည်နယ်)**
**အဆို (ဝါသနာရှင်၊ ပထမတန်း ကာလပေါ်)**

ငယ်စဉ်ကတည်းကနေ နှစ်တိုင်းနီးပါး အဆိုနဲ့ ပြိုင်ပွဲဝင်လာခဲ့တာပါ။ (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာတော့ ဝါသနာရှင် ဒုတိယနဲ့ ဝါသနာရှင် ပထမ အဆိုပြိုင်ပွဲတွေနဲ့ ရွှေတံဆိပ် ရရှိခဲ့ဖူးပါတယ်။ ဒီနှစ်မှာ ဝါသနာရှင် ပထမတန်း ကာလပေါ်အနေနဲ့ ၃၈ ဖြာမင်္ဂလာတေးသီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဓမ္မတေးအမျိုးအစားမို့ စာသားရော၊ သီချင်းအဝင်အထွက်ပါ မမှားယွင်းအောင် သတိထားပြီး သီဆိုယှဉ်ပြိုင်ခဲ့ပါတယ်။ အားရကျေနပ်မှုရှိပါတယ်။ အခုလို ပြိုင်ပွဲကြီး ဆက်လက်ရှင်သန်နေပါစေလို့လည်း ကျွန်မတို့လို ဝါသနာရှင်တွေက အမြဲဆုတောင်းနေခဲ့တာပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက ကျွန်မတို့လို မျိုးဆက်သစ်တွေအတွက် ပြိုင်စရာ စင်မြင့်ဆိုတာထက် ပိုပါတယ်။ ကျွန်မဆိုရင် ဘဝရပ်တည်မှုအတွက်ပါ အများကြီးအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အဆိုပွဲတွေမှာ သီဆိုခွင့်ရလာသလို အများနဲ့ယှဉ်ရင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် တစ်ယောက်၊ ရွှေတံဆိပ်ဆုရှင် တစ်ယောက်ဆိုတဲ့ လေးစားမှုနဲ့ အားပေးမှုကိုပါ ရရှိစေသလို ပိုပြီးလည်း ကြိုးစားဖို့ တွန်းအားတစ်ရပ်ဖြစ်စေပါတယ်ရှင့်။ ကျွန်မတို့ ပြည်နယ်ကလည်း အထူးအားပေးပြီး အစစအရာရာ ပံ့ပိုးပေးသလို ပြိုင်ပွဲလာရောက်တဲ့အချိန်မှာလည်း ဇဟိုကတာဝန်ရှိသူတွေက အကောင်းဆုံး စောင့်ရှောက်စီမံပေးလို့ ကျေးဇူးတင်ပါတယ်။

**မသွန်းသက်မှူးစံ**
**(ရှမ်းပြည်နယ်)**
**ကဗျာလွတ်အက အခြေခံပညာ**
**(အသက် ၁၀နှစ်မှ ၁၅နှစ်)**

အထက ၁ ဗထူး (ရပ်စောက်မြို့နယ်)က Grade 6 ကျောင်းသူဖြစ်ပါတယ်။ ဒီနှစ်မှာ ပထမဆုံးအကြိမ် အနေနဲ့ လာရောက်ယှဉ်ပြိုင်ခွင့်ရတာပါ။ ကဗျာလွတ်ပြိုင်ပွဲ အောက်တိုဘာ ၂၀ ရက်နေ့မှာ ယှဉ်ပြိုင်ရမှာဆိုတော့ အခုတော့ အပြင်းအထန် လေ့ကျင့်နေပါတယ်။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပါဝင်ခွင့်ရလို့ အထူးဝမ်းသာပါတယ်။ မနေ့က ဖွင့်ပွဲနေ့အခမ်းအနားကိုလည်း တက်ရောက်ခွင့်ရခဲ့ပါတယ်။ အကြိုက်ဆုံးကတော့ တိုင်းရင်းသားတူရိယာမျိုးစုံနဲ့တီးခတ်တဲ့ သံစုံတီးဝိုင်းကြီး ဖျော်ဖြေမှုပါ။ တစ်ခါမှ မကြုံဖူးတော့ ဝမ်းသာမိပြီး ကြည်နူးနေမိတယ်။ နောက်နှစ်တွေမှာလည်း ပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဗမာပဲဖြစ်ဖြစ်၊ ရှမ်းပဲဖြစ်ဖြစ် ဘယ်တိုင်းရင်းသားမဆို ကိုယ်ပိုင်လက္ခဏာနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေရှိပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထုတ်ဖော်ပြသခွင့်ရတာ ဒီအခမ်းအနားပြိုင်ပွဲကြီးက အဓိကဖြစ်ပါတယ်။ ကဗျာလွတ်အကဆိုတာ မြန်မာအကရဲ့ အခြေခံဖြစ်ပြီး ခွင်ထိုင်ရတာကိုက တအားပင်ပန်းပါတယ်။ ဒါပေမယ့် အကရဲ့အကျိုးကျေးဇူးတွေက အများကြီးပါပဲ။ မြန်မာအကက ကြည့်ရတာကိုက ကျက်သရေရှိသလို ကျန်းမာရေးအတွက်လည်း ခန္ဓာကိုယ်သွယ်လျစေတယ်။ လှုပ်ရှားနေရလို့ လေ့ကျင့်ခန်းလုပ်နေရသလိုဖြစ်တာမို့ အမျိုးသမီးတိုင်းလည်း ယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်စေသလို ခန္ဓာကိုယ်ကြံ့ခိုင်စေလို့ မြန်မာအကကို သင်ယူကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီနှစ်က ငွေရတုအထိမ်းအမှတ်ဖြစ်တာမို့ ထူးခြားတဲ့အစီအစဉ်တွေကိုလည်း ပြိုင်ပွဲကြီးမှာတွေ့ရ မြင်ရလို့ စိတ်လှုပ်ရှားမိပါတယ်။ နောက်နှစ်မှာလည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမအသီးသီးနဲ့ ပြန်ဆုံတွေ့ပြီး ပြိုင်ပွဲဝင်ချင်ပါသေးတယ်။

**ပြည့်ဖြိုးမော် (မွန်ပြည်နယ်)**
**ကိုယ်စားပြု အိုးစည်ဝါသနာရှင်**
**ပထမတန်းပြိုင်ပွဲဝင်**

ကျွန်တော်တို့ ပြည့်ဖြိုးမော်အဖွဲ့သားတွေအနေနဲ့ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင် ဖြစ်ပါတယ်။ ရွှေတံဆိပ်ဆု ၁၅ ဆု ရရှိထားပါတယ်။ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယှဉ်ပြိုင်ဖို့ နှစ်လ သုံးလလောက် လေ့ကျင့်ပြီး ပြင်ဆင်ခဲ့ပါတယ်။ အဓိက ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေမပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ဖို့နဲ့ နောက်မျိုးဆက်တွေအနေနဲ့လည်း အိုးစည်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်အောင် ရည်ရွယ်ချက်နဲ့ ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အနောက်တိုင်းတူရိယာ ရေစီးကြောင်းတွေ အရှိန်အဟုန်ပြင်းပြင်းနဲ့ စီးဆင်းနေပါစေ အခုခေတ်လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဂီတအသံတွေ၊ အပြောတွေ၊ အဆိုတွေကိုလည်း ခေတ်ရေစီးကြောင်းနဲ့အတူ လိုက်ပါစီးမျောပြီး ခံစားပေးကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊ နွံ့မွန်**
**ဓာတ်ပုံ- တင်စိုး၊ ဟိန်းထက်ဇော်**

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ မြင်ကွင်းပုံရိပ်များ





မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီးအဖွဲ့၏ ဆိုင်ပြော ပညာရပ်များဖြင့် ယှဉ်ပြိုင်နေမှုနှင့် ကြည့်ရှုအားပေးကြသည့် ပရိသတ်များ။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် တင်ဆက်ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသားအဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။





အရေးပြိုင်ပွဲ (သီချင်း သံစဉ် ထည့်သွင်း လေ့ကျင့် သီဆိုခြင်း) တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင် လေ့ကျင့်သီဆိုနေမှုနှင့် ကြည့်ရှုအားပေးသည့် ဒိုင်အဖွဲ့ကို တွေ့ရစဉ်။



ဆိုင်းဝိုင်းကြီး အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အေးဆုသန့်ဇင် နှင့်အဖွဲ့၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးကို တီးခတ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဒေါ်ဟိန်းထက် တီးခတ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ် - ၂၀ နှစ်) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မောင်ရှင်းခန့်မောင် နှင့်အဖွဲ့၏ မြူးမြူးကြွကြွ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) တွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ ကပြယှဉ်ပြိုင်မှု။



ကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲ ဝါသနာရှင် အဆင့် (ပထမတန်း)အမျိုး သမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီးမှ မခင်ချမ်း ငြိမ်း သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ဓာတ်ပုံ - မြန်မာ့အလင်း သတင်းအဖွဲ့

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ပတ်လမ်းသစ် အဆင့်မြှင့်တင်ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့တွင်း ရပ်ကွက်များဖြစ်သော အမှတ်(၄၊၆၊၇)ရပ်ကွက်များကို ချိတ်ဆက်ထားသည့် ဘားအံမြို့ပတ်လမ်းသစ်အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ပတ်လမ်းသစ် အဆင့်မြှင့်တင်ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါမြို့ပတ်လမ်းသစ်နှင့် ချိတ်ဆက်နေသော အမှတ်(၇)ရပ်ကွက် စောစံဖိုးသင်လမ်း အရှည် ၂၀၉၅ ပေ၊ အကျယ် ၁၆ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းသစ်အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာမှူးကြီးတို့က လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အနေဖြင့် ရပ်ကွက်နေပြည်သူများနှင့်အတူ ဖွင့်ပွဲကျင်းပရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဘားအံမြို့ပတ်လမ်းအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေသော မန်းဘဇံလမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ပေ ၃၀၊ ထု ခြောက်လက်မပြီးစီးမှု၊ အသစ်ဖောက်လုပ်သည့် ကွန်ကရစ်လမ်းအပိုင်း(၁) အရှည် ၉၆၃ ပေ၊ အကျယ်ပေ ၃၀၊ ထု ရှစ်လက်မ၊ အသစ်ဖောက်လုပ်သည့် ကွန်ကရစ်လမ်းအပိုင်း(၂) အရှည် ပေ ၆၀၀ ၊ အကျယ် ပေ ၃၀ ၊ ထု ရှစ်လက်မတို့ကို ကွန်ကရစ်ခင်း နိုင်ရေး ယာဉ်၊ ယန္တရားများအသုံးပြု၍ အမာခံကျောက်ကြမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အသစ်ဆောက်လုပ်သည့်တံတားအမှတ်(၁) အရှည် ၂၅ ပေ၊ အကျယ် ပေ ၄၀ ၊ အမြင့် ၁၄ ပေနှင့် အသစ်ဆောက်လုပ်သည့်တံတားအမှတ်(၂) အရှည် ၃၅ ပေ၊ အကျယ် ပေ ၃၀ ၊ အမြင့် ၁၆ ပေရှိ ကွန်ကရစ်တံတားများ ဆောင်ရွက်ပြီးစီးမှု၊ အဆင့်မြှင့်တင်ဆောင်ရွက်သည့် အရှည် ပေ ၈၀၀၊ အကျယ် ပေ ၃၀၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းအပိုင်း(၃) ပြီးစီးမှု၊ လမ်းဘေးဝဲယာ အုတ်စီရေမြောင်း၊ ပလက်ဖောင်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းတစ်ခုလုံးအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ရှိသူများက လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒလမြို့နယ်၌ စားသုံးဆီများ လိုက်လံရောင်းချပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ စားသုံးဆီများကို MAHAR PHONE LET YOUNG CO.,LTD. မှ ရပ်ကွက်နှင့် ကျေးရွာများအရောက် လိုက်လံရောင်းချပေးနေသည့်အတွက် ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပြည်သူများအား စားသုံးဆီရောင်းချပေးရာတွင် ယခင်က တစ်ဦးလျှင် ကျပ် ၆၀ သားနှုန်း ရောင်းချပေးရာမှ ယခုအခါ ၇၅ ကျပ်သားနှုန်းဖြင့် ရပ်ကွက်နှင့် ကျေးရွာနေပြည်သူများအားလုံးအား ရောင်းချပေးကြောင်း သိရသည်။

**သက်ထက်**



## အိမ်ထောင်စုသန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူပြီးစီး

**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက မြို့နယ်အတွင်းရှိ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှစတင်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်အထိ ကောက်ယူပြီးစီးမှု အိမ်ထောင်စုပေါင်း ၄၆၉၃၇ စုအား အောင်မြင်စွာ ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၁၅ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၈၇)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒသမ ၁၇) ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ် ထောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှု အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ – ၁၅.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၄၉၃၅ | ၆၂၇.၂၆ | ၅၆၅၉၇၂ | ၁၃၆၃၄ (လျှပ်စစ် ထုတ်ရေ) | - | - | ၃.၈၇ | ၁၀၅၄၈ | - | ၆၂၇.၀၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၁ | ၆၂၆.၁၀ | ၂၇၃၅၁ | - | ၈.၉၀ | ၉၁၄၉ | - | - | - | ၆၂၆.၀၈ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၉၅ | ၈၈၉၀၄ | ၂၇၁ | ၁.၀၅ | ၂၈၆၆ | - | - | - | ၅၁၉.၀၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၃၀ | ၁၀၃၄၉ | ၇ | ၂.၇၀ | ၁၉၀၈ | - | - | - | ၅၀၉.၃၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၉၃ | ၄၃၈.၂၀ | ၇၀၆၀၀ | ၃၃၉ | ၀.၈၀ | ၂၄၀၀ | - | - | - | ၄၃၈.၃၂ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၁၃ | ၇၆၆၂ | ၁၁ | ၁.၈၇ | ၁၀၅၆ | - | - | - | ၄၁၆.၁၇ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၃.၅၇ | ၁၀၇၈၀၈ | ၉၅ | ၆.၄၃ | ၃၅၂၈၂ | - | - | - | ၇၀၃.၅၉ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | | ရေတိုက်စား | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၂ | ၈၆၃.၈၀ | ၁၀၃၁၀ | ၇၁ | ၆.၂၀ | ၄၂၉၀ | - | - | - | ၈၆၃.၉၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် – ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀) ချပ် ထောင်ထားပါသည်။

## ရွှေဘိုထောင်တွင် ဗိုလ်မှူးကြီး အောင်အောင် အမိန့်ဖြင့် နိုင်ငံရေးအကျဉ်းသားများကို မိသားစုဝင်များနှင့် ထောင်ဝင်စာ ညှော်တွေ့ခွင့်မပြုဘဲ ပိတ်ပင်ထားသည်ဟု Khit Thit သတင်းဌာနက စွပ်စွဲရေးသားဖော်ပြ

နေပြည်တော်  အောက်တိုဘာ ၁၅

**Khit Thit Media အမည်ခံ Facebook Page ၌ အောက်တိုဘာ ၉ ရက်  နံနက် ၇ နာရီ ၇ မိနစ်က “ရွှေဘိုထောင်တွင် ဗိုလ်မှူးကြီး အောင်အောင် အမိန့်ဖြင့် နိုင်ငံရေး အကျဉ်းသားများကို မိသားစုဝင်များနှင့်ထောင်ဝင်စာညှော်တွေ့ခွင့်မပြုဘဲ ပိတ်ပင်ထား” ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြခဲ့ကြောင်း သတင်းမီဒီယာများ တွင် ပါရှိလာသည့်အချက်များအား စိစစ်တွေ့ရှိရသည်။**

ရွှေဘိုအကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား အကျဉ်းသူဟူ၍ မရှိပါကြောင်း၊ တည်ဆဲဥပဒေ တစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား အကျဉ်းသူများသာရှိပါကြောင်း။

၂၀၂၃ အောက်တိုဘာ ၂၄ ရက်မှ စတင်၍ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ၎င်းတို့၏မိသားစုဝင်များအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်သည့် စည်းကမ်းပျက်အကျဉ်းသား ငါးဦးကိုသာ ထောင်ဝင်စာတွေ့ဆုံခွင့် ပိတ်ထားခဲ့ကြောင်း၊ အကျဉ်းသား၊ အချုပ်သားများအား ထောင်ဝင်စာတွေ့ဆုံခွင့်ကို အကျဉ်းထောင်နည်းဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် မည်သည့်အကျဉ်းသား အကျဉ်းသူကိုမဆို ခွဲခြားဆက်ဆံခြင်းမျိုး မရှိပါကြောင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်က ညှော်တွေ့ခွင့် ပိတ်ထားရန် ညွှန်ကြားထားသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းနှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု၊ သတင်းမှားဖော်ပြခြင်းသာ ဖြစ်သည်။

**သစ္စာ**

## “စစ်တွေထောင်မှ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား ၃၅၁ ဦး ပုသိမ်ထောင်ရောက်ရှိပြီး အခက်အခဲများကြုံနေရ၊ မကွေးထောင်တွင် ဒေါက်တာ ဇော်မြင့်မောင်ကျဆုံးမှုအတွက် နိုင်ငံတကာက အရေးယူပေးရန် တောင်းဆိုလှုပ်ရှား” ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၁၅**

Khit Thit Media အမည်ခံ Facebook Page ၌ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၃၆ မိနစ်တွင် “စစ်တွေထောင်မှ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား ၃၅၁ ဦး ပုသိမ်ထောင်ရောက်ရှိပြီး အခက်အခဲများကြုံနေရ၊ မကွေးထောင်တွင် ဒေါက်တာ ဇော်မြင့်မောင် ကျဆုံးမှုအတွက် နိုင်ငံတကာက အရေးယူပေးရန် တောင်းဆိုလှုပ်ရှား” ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page မှ ဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသော သတင်းတု၊ သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

*နိုင်ငံတကာသတင်း*

## နျူးကလီးယားဓာတ်ပေါင်းဖိုများမှထုတ်လုပ်သည့် စွမ်းအင်ကို ဝယ်ယူရန် ဂူလ်ဂဲ  လက်မှတ်ရေးထိုး




**နယူးယောက် အောက်တိုဘာ ၁၅**

အမေရိကန်အခြေစိုက် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဂူလ်ဂဲသည် နျူကလီးယားဓာတ်ပေါင်းဖိုအသေးများမှ ထုတ်လုပ်သည့် စွမ်းအင်ကို ဝယ်ယူရန် သဘောတူလက်မှတ်ရေးထိုးကြောင်း ကြေညာခဲ့သည်။

သေးငယ်သော မော်လီကျူလာ ဓာတ်ပေါင်းဖိုများတီထွင်ထုတ်လုပ်သည့် အမေရိကန်ကုမ္ပဏီ ခိုင်ရို့စ်ပါဝါနှင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက်တွင် ဂူလ်ဂဲက ကြေညာခဲ့သည်။

ခိုင်ရို့စ်ပါဝါအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပထမဦးဆုံး ဓာတ်ပေါင်းဖိုကို စတင်ရမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်တွင် ၅၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် ထပ်မံဖြန့်ကြက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အသိဉာဏ်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြင့်လာသည်နှင့်အမျှ ဂူဂဲလ်သည် ကာဗွန်ထွက်ရှိမှုမရှိသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ရည်မှန်းထားသည်။

အသိဉာဏ်တုနည်းပညာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည့်အတွက် အမေရိကန်ရှိ ဒေတာစင်တာများ စွမ်းအင်အသုံးပြုမှုမှာ အကြမ်းဖျင်းအားဖြင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်တို့တွင်  သုံးဆရှိလာမည်ဟု ခန့်မှန်းထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တစ်ခုတည်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချမှုကို ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ လွန်ခဲ့သောလကလည်း အိုင်တီနည်းပညာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်သည် အမေရိကန်အရှေ့ပိုင်းရှိ Three  Mile  Island နျူကလီးယား စက်ရုံမှ လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမေဇုံကုမ္ပဏီသည်လည်း နျူကလီးယားမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူရန် မတ်လအတွင်း က ဆုံးဖြတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## လက်ဘနွန်၌ အပစ်အခတ်ရပ်စဲမှုများချက်ချင်းပြုလုပ်ရန် ကုလသမဂ္ဂအရာရှိများတောင်းဆို

**ဘေရွတ် အောက်တိုဘာ ၁၅**

ဟစ်ဇ်ဘိုလာ -အစ္စရေး ပဋိပက္ခကြောင့် မိသားစုဝင်များနှင့် ကလေးငယ်များ ကြောက်မက်ဖွယ် အခြေအနေများနှင့် ရင်ဆိုင်နေရသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရှိရပြီးနောက် လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲမှုများ ချက်ချင်းပြုလုပ်ရန် ကုလသမဂ္ဂ အဆင့်မြင့်အရာရှိကြီး နှစ်ဦးက အောက်တိုဘာ ၁၅ ရက်တွင် တောင်းဆိုခဲ့သည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ ထုတ်ပြန်ချက် အရ သိရသည်။



**အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ဘေရွတ်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ အဆောက်အအုံများ ပျက်စီးမှုကို တွေ့ရစဉ်။**

လက်ဘနွန်နိုင်ငံရှိ ကလေးငယ်များနှင့်မိသားစုဝင်များသည် စစ်ပွဲကိုအဆုံးသတ်လိုကြသည်။ အကြမ်းဖက်မှုများမှ ၎င်းတို့ကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သော ထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများရရှိရန် လိုအပ်ကြောင်း၊ နောက်ထပ် ပျက်စီးမှုများမဖြစ်တော့ရန် အပစ်အခတ်ရပ်စဲရေး ချက်ချင်းလိုအပ်ကြောင်း ယူနီဆက်ဖ်မှ ဒုတိယအမှုဆောင် ဒါရိုက်တာ တက်ဒ်ချာဗန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဒုတိယအမှုဆောင် ဒါရိုက်တာ ကားလ်စကောတို့က လက်ဘနွန်သို့ သုံးရက်ကြာ သွားရောက်ပြီးနောက် ယခုလို ပြောကြားခဲ့သည် ။

၎င်းတို့နှစ်ဦးသည် ခိုလှုံရာနေရာများနှင့် ပုံမှန်မဟုတ်သည့် ယာယီတဲများဖြင့် အခြေချနေထိုင်နေကြသူများထံ သွားလာခဲ့ကြောင်း၊ အဆိုပါနေရာများတွင် နေထိုင်နေကြသူများမှာ နေရပ်စွန့်ခွာရန် ဖိအားပေးခံရသူများနှင့် အခက်အခဲများစွာ ရှိနေကြသူများဖြစ်ကြောင်း ၎င်းတို့က ဆက်ပြောသည်။

ပဋိပက္ခဒဏ်ကို လူပေါင်း ၁ ဒသမ ၂ သန်းဝန်းကျင် ခံစားနေရပြီး ၁၉၀၀၀၀ နီးပါးမှာ ခိုလှုံရာနေရာ ၁၀၀၀ ကျော်တွင် နေထိုင်နေရသည်။

**ဆင်ဟွာ**

## ဂါနာနိုင်ငံတွင် ကာလဝမ်းရောဂါ ဖြစ်ပွားသူ ကိုးဦးတွေ့ရှိ

**အက်ကရာ အောက်တိုဘာ ၁၅**

ဂါနာနိုင်ငံ အရှေ့တောင်ပိုင်း အက်ကရာဒေသတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ကိုးဦးတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၁၄ ရက်က ပြောသည်။

အရှေ့အက်ဒါနှင့် အနောက်အက်ဒါခရိုင်များတွင် လူနာများ၏ နမူနာကိုစမ်းသပ်ကြည့်ရာ ကာလဝမ်းရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်ဟု ဂါနာကျန်းမာရေးဝန်ဆောင်မှုဌာနက အတည်ပြုပြောကြားခဲ့သည်။ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဗိုက်နာခြင်း လက္ခဏာများ ခံစားရသည့်လူနာကို ကျန်းမာရေးဌာနတွင် တွေ့ရှိခဲ့ရသည်။

အဆိုပါလူနာမှာ အရှေ့အက်ဒါခရိုင်ရှိ နာရေးတစ်ခုသို့ တက်ရောက်ပြီးနောက် ရက်အနည်းငယ်အကြာတွင် ယခုလိုဝေဒနာများ ခံစားခဲ့ရခြင်းဖြစ်သည်။ အောက်တိုဘာ ၁၁ ရက်အထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ကိုးဦးအတည်ပြုနိုင်ခဲ့ပြီး ရောဂါဖြစ်ပွားမှုကို နှိမ်နင်းရန်အတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ထားကြောင်း သတင်းထုတ်ပြန်ထားသည်။

ရောဂါဖြစ်ပွားသူများနှင့်ထိတွေ့မိသူများနောက် ခြေရာခံလိုက်ခြင်းအပါအဝင် နောက်ဆက်တွဲလုပ်ဆောင်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လုပ်ဆောင်ရန်နှင့် ရောဂါကူးစက်မှုမှ ကာကွယ်ရန် သေချာစွာချက်ပြုတ်ထားသော အစားအစာများကို စားသုံးကြရန် ကျန်းမာရေးဌာနက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီး သီတင်းကျွတ်ဈေးရောင်းပွဲတော် ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၄ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို အရောင်းဆိုင်ခန်းများဖြင့် အောက်တိုဘာလ (၁၆)၊ (၁၇)၊ (၁၈)ရက်နေ့များတွင် နေ့စဉ်နံနက် (၈)နာရီမှ ည(၁၀)နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် ဆိုင်ခန်းပေါင်း (၄၂၀)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉)ဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းများ၊ MSME လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာနမှ ထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း နေ့စဉ် စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ DJ, Dancer များ၏ အကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါသည်။ ပွဲတော်တွင် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက် အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများအတွက် သွားလာရေးလွယ်ကူစေရန်အတွက် အကြို/အပို့ကားများကိုလည်း စီစဉ်ထားရှိမည်ဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် မိဘပြည်သူများအနေဖြင့် မည်သူမဆို ပျော်ရွှင်စွာဖြင့် လာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပွဲဖြစ်မြောက်ရေးဦးစီးကော်မတီ**

## ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကျိုက်လတ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်



ဆိုင်ရာအစည်းအဝေးကို ကျိုက်လတ်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု သဘာပတိ ဦးတင်ကြည်ဦးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အသင်း၏ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်စွာဆောင်ရွက်ရန် ပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ခုနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်း အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေး နှစ်ချုပ်စာရင်းများကို ဖတ်ကြားရှင်းလင်းပြီး အတည်ပြုချက်ရယူသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နယ် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) စက်ရုံနယ်မြေအတွင်း သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံနယ်မြေ၊ အောင်သပြေရပ်ကွက်ရှိ "စစ်ပြန်ကြီး" စားသောက်ဆိုင်သို့ အကြမ်းဖက်သမားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်း စားသောက်နေသော မြစ်ငယ်မြို့ သီတာရပ်ကွက်ရှိ ဘူတာဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုဖြစ်သူ ဦးဌေးလှိုင်ထွန်းအား အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပစ်ခတ်မှုကြောင့် ကျည်ဆံသည် ဦးဌေးလှိုင်ထွန်း၏ ပါးစပ်မှဖောက်ဝင်ပြီး လည်ပင်းမှ ပေါက်ထွက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကာ အနီးရှိထိုင်နေသည့် အရပ်သား ဦးမင်းအောင် ၏ ညာဘက်ရင်အုံသို့ ဆက်လက်ဖောက်ဝင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သူ နှစ်ဦးအား ရဲဆေးစာဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**



ဦးဌေးလှိုင်ထွန်း၏ ပါးစပ်မှ ဖောက်ဝင်ပြီး လည်ပင်းမှ ပေါက်ထွက် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိမှုအခြေအနေ။




ဦးမင်းအောင်၏ ညာဘက်ရင်အုံသို့ ဖောက်ဝင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိမှုအခြေအနေ။

## ပြည်ပမှပြန်လာသည့် သင်္ဘောသားများအပါအဝင် ပြည်ပပြန်သူအချို့ ရန်ကုန်လေဆိပ်၌ ဖမ်းဆီးခံရဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ပမှပြန်လာသည့် သင်္ဘောသားများအပါအဝင် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်အဆင်မပြေ၍ ပြန်လာသူအချို့ ရန်ကုန်လေဆိပ်၌ ဖမ်းဆီးခံရပြီး အဆက်အသွယ် ပြတ်တောက်နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက် ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရန်ကုန်လေဆိပ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူတစ်ဦး၏ ပြောပြချက်အရ ပြည်ပမှ ပြန်ဝင်လာသူများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း စစ်ဆေးမှုများသာရှိကြောင်း၊ အကြောင်းမဲ့ ဖမ်းဆီးမှု




တစ်စုံတစ်ရာ မရှိကြောင်း၊ ပြည်ဖျက်မီဒီယာများ အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှား၍ ကြောက်လန့်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများ လှုံ့ဆော် ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)
### မုဒုံမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၄

| | | |
|---|---|---|
| ဦးမြင့်ဦး+၂ | နှင့် | ဒေါ်သီတာဝင်း |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ဂျောင်ဝယ်ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်သီတာဝင်း (ဘ)ဦးထွန်းရင် သိစေရမည်။

သင့်အပေါ် တရားလိုများက (၃-၁-၂၀၂၃)ရက်စွဲပါ စာချုပ်အတိုင်း ချေးငွေကျပ် (၁၀၇၇၀၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေကျပ်သိန်း (၆၀)၊ စုစုပေါင်း (၁၆၇၇၀၀၀၀/-)ကျပ်ရလိုမှု (သို့မဟုတ်) (၃-၁-၂၀၂၃)ရက်စွဲပါစာချုပ်အတိုင်း တရားပြိုင်ပိုင်ဆိုင်သော နေအိမ်နှင့်ခြံအား တရားလိုများထံ လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက် ) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်ဌေး)
မြို့နယ်တရားသူကြီး
မုဒုံမြို့နယ်တရားရုံး

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးအောင်ကြိုင်၏သမီး ကျွန်မ မမေဇွန် ၇/သနပ(နိုင်)၁၂၇၁၅၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၄၇၂၅၈၆၅

## ဇီဝမျိုးစုံမျိုးကွဲတွေ ကွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ဃ/၅၀၇၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုလွင် ၁၀/ဘလန(နိုင်)၀၇၇၄၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ဃ/၉၆၄၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်) ၂၃၇၂၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာကျော်တက်ရန် စိတ်မချရသောအချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အမည်မှန်

ဟုမ္မလင်း၊ အထက(၁) Grade-8 မှကျောင်းဝင်အမှတ် (၁၁၉၃၉)ဖြစ်သူ မထွာမ်လျှံကျင် ၏အမည်မှန်မှာ မထွာမ်လျှံကျင် အမှန်ဖြစ်ပါကြောင်း။

မထွာမ်လျှံကျင်

## ဖခင်အမည်မှန်

မကွေးမြို့၊ အ-လ-က(၁)၊ အ-ထ-က(ခွဲ)(ဆားစည့်) Grade-11 မှ မရွှေရည်ဝင်း၏ ဖခင် ဦးမှုံရွှေရည်၏ အမည်မှန်မှာ ဦးရွှေရီ ၈/မကန(နိုင်) ၀၂၆၅၇၄ ဖြစ်ပါကြောင်း။

ဦးရွှေရီ

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ သရက်တောအကွက်၊ တန်းကြီးလမ်း အကွင်းမှ ဦးပိုင်အမှတ် (၁၉၈/၁၉၉+၂၀၀)၊ ဧရိယာ (၀.၀၉၀+၀.၀၆၀+၀.၀၈၀) စုစုပေါင်း (၀.၂၃၀) ဧကရှိ ဒေါ်သန်းသန်းဝင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား မူလအမည်မှ ဦးလင်းအောင်ထွေး အမည်သို့ အမည်ပြောင်းလျှောက်လာပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်တင်ပြ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၈၊ မြေကွက်အမှတ်-၁၇၀၊ အမှတ်(၁၇၀)၊ ဦးသိန်းဟန်လမ်း၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေအနက်မှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း (ထောင့်ကွက်)၊ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဦးသန်းလှိုင် ၁၂/ဥကတ(နိုင်) ၁၃၉၇၃၉၊ (၂) ဒေါ်ယမင်းသန်း ၁၂/တကန(နိုင်)၀၀၈၄၈၈တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးနှင်းမောင် ၉/တသန(နိုင်)၀၀၁၁၃၉က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးရန်နိုင် | ဦးနေမျိုးထွဋ် |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇) | အထက်တန်းရှေ့နေ(စဉ်-၂၉၉၄၃) |
| LL.B.,DBL.,DIPL.,DL-101(WIPO) | LL.B.,Diploma in Business Law., |

အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၉၆၂၈၂၀၄၄

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်-(၁၂၈)၊ မြေကွက်အမှတ် - (၄၂၀)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀) ရှိသည့် မြေကွက် နှင့် ဦးဝင်းအောင် အမည်ပေါက် မြေချပါမစ်မူရင်းအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးသိန်းနိုင်ထွန်း၁၂/ဒဂရ(နိုင်)၀၃၄၂၆၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မာမာလွင်၁၂/လမန(နိုင်)၀၀၀၁၈၉ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ တိကျခိုင်လုံသော အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါ အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာမာလွင်၁၂/လမန(နိုင်)၀၀၀၁၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိင်္ဂီအေး (စဉ် - ၁၄၈၁၉)
LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည် (အနောက်ဈေး-က)၊ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ဒသမ၀၉၉)ကေအနက်မှ ဧရိယာ (၀ဒသမ၀၆၅)ကေရှိ (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးနိုင်မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်အတူ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/9549, Hyundai-H-1ယာဉ်လက်ဝယ်ရှိသူ Diamond Parawood Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ဃ/၂၉၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးချိုလွင် ၁၀/မလမ(နိုင်) ၃၁၉၉၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက် အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင် ဘူးကွဲရွာဟောင်း၊ (၃၁)ဧက အကျယ်မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂)ဆောက်လုပ်ခြင်းလုပ်ငန်းများမှ 4U5S(3 Bed)သံ ကူကွန်ကရစ်အဆောက်အအုံ (၁၂)လုံး၊ (1092 Sqft)၊ အိမ်ခန်း (၂၄၀)ခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အောက်ပါ Lot များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot နံပါတ် | အဆောက်အအုံ အမျိုးအစား | အဆောက်အအုံ အမှတ် | အရေအတွက် |
|---|---|---|---|---|
| (က) | Lot 1 | 4U5S(3 Bed) | 2A-1,2A-2 | (၂)လုံး |
| (ခ) | Lot 2 | 4U5S(3 Bed) | 2A-3,2A-6 | (၂)လုံး |
| (ဂ) | Lot 3 | 4U5S(3 Bed) | 2A-4,2A-5 | (၂)လုံး |
| (ဃ) | Lot 4 | 4U5S(3 Bed) | 2A-7,2A-8 | (၂)လုံး |
| (င) | Lot 5 | 4U5S(3 Bed) | 2A-9, 2A-10 | (၂)လုံး |
| (စ) | Lot 6 | 4U5S(3 Bed) | 2A-12,2A-13 | (၂)လုံး |

၂။ တင်ဒါပုံစံ ဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၁-၁၀-၂၀၂၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁-၁၁-၂၀၂၄ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါကအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

(က) စုံစမ်းရန် နေရာ/ဌာန/ ဆက်သွယ်ရန်ဖုန်း - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၈၁၀၈၂၁၂

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် (၆၀) (မြေညီထပ်)တွင်နေထိုင်သူ ဒေါ်အိအိနိုင် (၁၄/ကလန (နိုင်) ၀၈၅၉၂၃) ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်အိအိနိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် (၆၀)၊ မြေတိုင်းရပ်ကွက်အမှတ် (26/D-2)၊ မြေကွက်အမှတ် (V-148)၊ မြေအကျယ်အဝန်း (၀.၀၃၅)ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ အခန်းများအနက်မှ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း အကျယ်အဝန်း (၁၄ပေ × ၄၇ပေ)ရှိသော မြေညီတိုက်ခန်း (ခြောက်ထပ်တိုက်၏ အခန်းများအနက်မှ မြေညီထပ် (၁)ခန်းသာဖြစ်ပြီးကျန်အခန်းများ မပါဝင်ပါ) တစ်ခန်းကိုမူလ မြေအမည်ပေါက်ပိုင်ရှင် ဦးစစ်နောင် (၁၂/စခန (နိုင်) ၀၂၆၃၃၂)ထံမှ ဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်မ ဒေါ်အိအိနိုင်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်အိအိနိုင် (၁၄/ကလန (နိုင်) ၀၈၅၉၂၃)
အမှတ်(၆၀)(မြေညီထပ်)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀ ၇၄၂ ၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/B)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် (၁၁)၊ အကျယ်အဝန်း (၀.၀၅၄)ဧကရှိ ဒေါ်နန်းရင် (၁၃/လရန(နိုင်) ၀၀၂၀၅၈) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်အေး (၁၃/သပန (နိုင်) ၀၂၃၂၈၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ် (၃၁)၊ ရပ်သာ၊ ဦးပိုင်အမှတ် (၁၉-က)၊ ဧရိယာ (၀.၁၄၁)ဧကထဲမှ ဧရိယာ (၀.၀၄၅)ဧကရှိ ကိုချစ်လှ၊ မချစ်စိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဖြိုးဝေကျော် အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန
မုံရွာမြို့

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်အိအိစိုး ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ခင်သီတာလှဲ့ အမည်ပေါက် အစား ဒေါ်ခင်သီတာလတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၄ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မြတ်သီတာအောင်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမှတ်(၁၁၈)၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအစား အမှတ်(၅)၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကျော်မင်းစိုး၏သား ဦးစည်သူမောင် ၇/တငန(နိုင်)၁၉၅၁၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-792056 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၅၁၀၀၀၈

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၂၄ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတာမွေမြို့နယ်၊ ဒေါ်သန်းသန်းရွှေ+၁၏ပိုင်ဆိုင်မြေပုံကူးတွင်ဒေါ်သန်းသန်းရွှေ(အယ်/အာရ်ဂျီအန်-၀၀၅၆၈၉)အစားဒေါ်သန်းသန်းရွှေ(ယူ/အာရ်ဂျီအန်-၀၀၅၆၈၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8737 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိချောစုမွန် ၇/ပတန(နိုင်)၁၇၁၇၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ကျောက်ဆည်)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၉

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် | နှင့် | ၁။ ဒေါ်နန်းမြစစ် |
| (တောင်ကြီးဘဏ်ခွဲ–၁) | | ၂။ ဦးစိုင်းကျော်လှ |
| (ကိုယ်စား– ဒေါ်နန်းဆိုင်လောဝ်ခေး၊ | | ၃။ ဦးစိုင်းသန်းထွန်း |
| ဘဏ်ခွဲတာဝန်ခံ) | | ၄။ ဒေါ်နန်းတင်တင်ညွန့် |
| | | ၅။ ဒေါ်နန်းဟွမ်နွမ်း |
| | | ၆။ ဒေါ်နန်းဟွမ်ငင်း |
| (တရားလို) | | (တရားပြိုင်များ) |

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အိမ်အမှတ် (၈၆) နေ (၄–တရားပြိုင်) ဒေါ်နန်းတင်တင်ညွန့် (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်မြို့ အလုံမြို့နယ်၊ ဌာနလမ်းနေ (၅–တရားပြိုင်) ဒေါ်နန်းဟွမ်နွမ်း (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ဘဏ်ချေးငွေတိုးရင်းပေါင်းငွေကျပ်–၁၃၁၅၆၅၆၉၆၆၆/၁၉ (ကျပ်တစ်သောင်းသုံးထောင်တစ်ရာငါးဆယ့်ခြောက်သိန်းငါးသောင်းခြောက်ထောင်ကိုးရာ ခြောက်ဆယ့်တစ်နှင့် တစ်ဆယ့်ကိုးပြားတိတိ) အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၁၂) ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေ ရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၅၂/ခ)၊ ယုဝလမ်း၊ ယခုအမှတ် (၁၃/က+ခ)ရှိ (အလျား ၅၀'ပေxအနံ ၁၀၀')ပေရှိ အိမ်နှင့်မြေရောင်းချခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့် အိမ်သည် ဦးလှဝင်း (၁၂/သဃက(နိုင်)၁၃၂၈၉၉) အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဦး (၁၂/သဃက(နိုင်)၂၀၃၆၃၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်ဝက်ကျော်ကို ပေးချေထားပြီးဖြစ်သည့်အပြင် ကျန်ငွေများကိုလည်း အပြေအကျေပေးချေ၍ အဆိုပါအိမ်နှင့်မြေအား လက်ရောက်ရယူမည်ဖြစ်သောကြောင့် ကန့်ကွက်မည့်သူမည်သူမဆို ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်သူထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ချက်ပေးသူ** | **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ** |
| **ဒေါ်ဇင်မာဦး** | **ဦးအောင်ကျော်ဦး (LL.B)** |
| **(၁၂/သဃက(နိုင်)၂၀၃၆၃၈)** | **DL–101, WIPO (Switzerland)** |
| | **အထက်တန်းရှေ့နေ (စဥ်–၅၄၀၇၀)** |
| | **အမှတ်(၇၉)၊ နတ်စင်လမ်း၊ (က)ရပ်ကွက်** |
| | **သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း–၀၉–၄၂၁၅၆၆၉၂၆၊၀၉–၆၉၉၁၅၆၂၆၄** |

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အိမ်အမှတ်(၁၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ( ၂၅ပေ x၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံး၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူများဖြစ်သော ဒေါ်အေးအေးသောင်း ၁၄/မအန (နိုင်) ၀၉၆၉၉၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထလာတမ်း ၄/မတပ(နိုင်)၀၂၅၁၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်နော်ခက်ခက်နိုင်(LL.B) (စဥ်–၂၈၆၇၄)** | **ဒေါ်ရီလေးမော်(LL.B)** |
| **အထက်တန်းရှေ့နေ** | **(စဥ်–၁၄၇၀၇)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ဖုန်း–၀၉–၄၂၀၀၈၉၃၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၈)နေ ဦးမြင့်ငွေ ၉/ မထလ(နိုင်) ၀၆၀၃၆၀နှင့် ဒေါ်စန်းဌေး ၉/မထလ(နိုင်) ၀၆၀၃၅၉ တို့၏သား မြင့်ကိုကို(ခ)ဖြိုးမင်းပိုင် ၉/မထလ(နိုင်) ၂၈၂၃၇၁သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် နေအိမ်မှ ပြန်လည်လက်ခံမည်မဟုတ်ပါ။ ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးမြင့်ငွေ၊ ဒေါ်စန်းဌေး**
**မိတ္ထီလာမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ် ၊ တရားမကြီးမှုအမှတ်–၆၈

| | | |
|---|---|---|
| ဒေါ်အေးအေးလှိုင် | နှင့် | ၁။ ဦးမောင်မောင်အေး |
| | | ၂။ ဒေါ်စန်းစန်းဝေ |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂၉၀)၊ ဘုမ္မာ(၁၈)လမ်း၊ (ည)ရပ်ကွက်နေ တရားပြိုင် ဒေါ်စန်းစန်းဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမြေနှင့် အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၅ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀.၁၁၀ဧကရှိ မြေကွက်အမှတ်(ပ–၂၃၉၉၆)ကို အမည်ပေါက် ဒေါ်နော်အိုင်းဒါ(ဘ)ဦးစောတင်မောင် ၉/အမရ(နိုင်)၀၀၃၁၀၆၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်စောမြတ်နွယ်(ဘ)ဦးစောရွှေ ၁၁/စတန(နိုင်)၀၂၉၄၀၄မှ ဦးသိန်းထွန်း(ဘ) ဦးသာထွန်းအောင် ၁၁/စတန(နိုင်)၀၀၁၅၃၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်မိတ္တူ၊ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၉၆/၂၀၁၉(၉–၅–၂၀၁၉)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ တောင်ကွက်သစ်ရပ်ကွက်၊ ဇောတိကလမ်းသွယ်(၂)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြနှင်းဝေ ၁၃/ရစန(နိုင်)၀၉၃၄၅၆ နှင့် ဦးမင်းသူ ၁၃/ရစန(နိုင်)၁၀၅၅၄၅ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ နှစ်ဦးနှစ်ဖက်သဘောတူကွာရှင်းခြင်းအား ၂၉–၈–၂၀၂၄ရက်တွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပြီး ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြနှင်းဝေသည် ခင်ပွန်းဖြစ်သူ ဦးမင်းသူနှင့် မည်သို့ အကြောင်းရင်းနှင့်မျှ ပတ်သက်ဆက်နွယ်ခြင်း၊ အလျဉ်းသက်သက်ဆက်နွယ်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မြနှင်းဝေ** | **ဒေါ်ဆုလှဲ့ဖုန်း(LL.B)** |
| **၁၃/ရစန(နိုင်)၀၉၃၄၅၆** | **အထက်တန်းရှေ့နေ(စဥ်–၄၉၃၁၁)** |
| | **တောင်ကွက်သစ်ရပ်ကွက်၊ ရပ်စောက်မြို့** |
| | **ဖုန်း–၀၉–၇၉၁၁၀၀၅၆၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့၊ ထန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (၃–ခ)၊ အကွက်အမည်–ထန်းကုန်းရပ်၊ ဦးပိုင်အမှတ်(၇၆–ဟ)၊ ဧရိယာ (၀ဒသမ ၀၅၃)ဧကရှိ မြေကွက်အား ဒေါ်နွယ်နီထွန်းမှ ဘိုးဘပိုင် အမည်ပြောင်း လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မတိုင်မီ ဖြူးမြို့နယ်မြေစာရင်းဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဖြူးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အိမ်အမှတ်(၁၇)နေ (ဘ)ဦးမောင်လှရှိန် ၈/ရနခ(နိုင်) ၁၁၀၀၅၈–(အမိ)မအေးအေးသက် ၈/ရနခ (နိုင်)၁၂၀၇၆၅ တို့၏သား မောင်ဝိုင်းဝိုင်းမောင် ၈/ရနခ(နိုင်)၁၉၅၅၄၁သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှရှိန်–ဒေါ်အေးအေးသက်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ် ၊ တရားမကြီးမှုအမှတ်–၆၈

| | | |
|---|---|---|
| ဒေါ်အေးအေးလှိုင် | နှင့် | ၁။ ဦးမောင်မောင်အေး |
| | | ၂။ ဒေါ်စန်းစန်းဝေ |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၂)၊ခေမာ(၅)လမ်း၊ (ဋ)ရပ်ကွက်နေ တရားပြိုင် ဦးမောင်မောင်အေး သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊လူနေရပ်ကွက် အမှတ် (၁၀)၊ ခိုင်ရွှေဝါ(၂)လမ်း ၊မြေကွက် အမှတ်(၁၁၂၈/က) ဟုခေါ်တွင်သော အလျားxအနံပေ(၂၀x၆၀)အကျယ်ရှိ ဦးကျော်ငွေ ပါ(၂) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကိုလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြင့်မြင့်ဝေ ပါ(၈) ၁၂/သကတ(နိုင်) ၀၆၂၉၅၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခိုင်ခိုင်လွင် ၆/ထဝန(နိုင်)၀၈၅၇၇၇ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈) | ဒေါ်ခင်သီတာမြင့်အောင် ( LL.B ) |
| ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်( LL.B ) | (စဉ် - ၅၂၀၆၄) |
| (စဉ် - ၁၈၇၂၆) | အထက်တန်းရှေ့နေ |
| တရားလွှတ်တော်ရှေ့နေများ | |

ဗိုလ်မိုးညိုလမ်းသွယ် ၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့
ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄E ၂)၊ မြေကွက်အမှတ်(၁/၆၁)၊ (G-4)၊ လူနေရပ်ကွက်အခေါ် အမှတ်(၂)ကုံကော်လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အကျယ်အဝန်း (၆၀' x ၈၀')၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိRC-(၂ ၁/၂)ထပ် အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ် တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးမြင့်လွင် (၁၂/လသန(ဧည့်)၀၀၁၁၄၅)၊ ဒေါ်သန်းသန်းဝင်း (၁၂/ကတတ(နိုင်)၀၁၇၈၂၃)တို့၏အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့မှ မိမိတို့ကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါ မြေနှင့်အဆောက်အဦနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ညိုမြာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)**

**ကမာရွတ်ခရိုင်တရားရုံးတော်၌**

**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅နှင့် ဆက်နွယ်သည့်**

**၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၀**

| | | |
|---|---|---|
| မဂျူလီဦး | နှင့် | ၁။ ဒေါ်သီတာမြင့် |
| | | ၂။ မခင်သိင်္ဂါအောင် |
| | | ၃။ မောင်ရန်မျိုးအောင် (ကွယ်လွန်သူ ဦးအောင်ကြီး၏တရားဝင် ကိုယ်စားလှယ်များ ) |
| | | ၄။ ဦးမင်းလွင် |
| | | ၅။ မနှင်းဝတ်ရည်ဦး |
| | | ၆။ ဒေါ်စန္ဒာမြင့် |
| တရားနိုင် | | တရားရှုံးများ |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်-၁၀၂/အနေ တရားရှုံး ၁။ ဒေါ်သီတာမြင့်၊ ၂။ မခင် သိင်္ဂါအောင်၊ ၃။ မောင်ရန်မျိုးအောင်၊ ၄။ ဦးမင်းလွင်၊ ၅။ မနှင်းဝတ်ရည်ဦး၊ ၆။ ဒေါ်စန္ဒာမြင့် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

(ယခင်) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၏ ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုရန် ဤရုံးတော် တွင် တရားနိုင် မဂျူလီဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်း ကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွေးထွေးထက်)
ဒုတိယခရိုင်တရားသူကြီး(၃)
ကမာရွတ်ခရိုင်တရားရုံး

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ (က-၁)လမ်း၊ အိမ်အမှတ် (မ-၃၈)နေ ဦးဘောက်နော် (၁၂/အစန(နိုင်)၀၀၈၆၀၆) နှင့် ဒေါ်နန်းနွယ် (၁၂/အစန(နိုင်)၀၀၈၆၀၇) တို့၏ သားအငယ်ဆုံးဖြစ်သူ မောင်လွင်ဦး(ခ) လင်းထွန်းခိုင် ၁၂/အစန(နိုင်)၂၀၁၆၈၃ သည် မိဘများ၏ သွန်သင်ဆုံးမမှုများကို မနာခံဘဲ မိဘနှင့်အစ်မဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် စိတ်ဒုက္ခ ပေးမှုများ ပြုလုပ်ခဲ့ပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စများ၊ ငွေရေးကြေးရေး အရှုပ်အရှင်းကိစ္စများအားလုံးမှာ မိဘနှစ်ပါးသော်လည်းကောင်း၊ အစ်မဖြစ်သူ၌သော်လည်းကောင်း လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောကျော်စွာထွဋ်ဋ္ဌ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၀၁)
တိုက်(၉/၁၁)၊မြေညီထပ်၊ (၃၆)လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၄၀၆၅၅၇၃၈

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊အောင်လံမြို့နယ်၊ စကြီးအုပ်စု၊ စကြီးကျေးရွာနေ ဦးတင်ထွန်း၈/မထန(နိုင်)၀၆၅၅၇၂ နှင့် ဒေါ်ဝင်း ၈/မသန(နိုင်)၀၃၆၂၅၁ တို့၏သား မောင်အောင်ကိုကို ၈/အလန(နိုင်)၁၃၃၀၈၇ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို လက်မခံဘဲ မိဘများကို စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မိဘများ - ဦးတင်ထွန်း-ဒေါ်ဝင်း

**အများသိစေရန်ကြေညာချက်**

တာမွေမြို့နယ်၊ ၁၃၃-လမ်းနှင့်မအူကုန်းလမ်းထောင့်၊ အမှတ်(၂၉/၃၆) အန္တရာယ်ရှိအဆောက်အအုံ၏ မူလနေထိုင်သူဦးလှငွေအမည်ဖြင့် မှတ်သားထားသည့် ပထမထပ်အခန်းအမှတ်(၁၀)အား ဦးလှငွေကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခတီဂျာအမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သီလလမ်း၊ တိုက်အမှတ်(၉၆၂)၊ မြေပေအကျယ် ပေ(၄၀x၆၀)ရှိမြေပေါ်တွင် ဆောက်လုပ်နေသော(၂)ခန်းတွဲ(၈ ၁/၂)ထပ် RC အဆောက်အအုံမှ မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေး အခန်းယူစာချုပ်အရ မြေပိုင်ရှင် ဒေါ်ခင်သီတာ ၁၂/ဥကတ(နိုင်)၀၃၂၇၆၁ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော ဆဋ္ဌမထပ် (၇-လွှာ)၊ (ညာ) ခြေရင်း၊ အခန်းအကျယ်အဝန်းပေ(၁၇x၅၄)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူက မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအားကြိုပွဲ့ကြိုင်စနစ်ဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေတိုး ၆/ကသန (နိုင်)၀၅၇၂၉၇က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

ဒေါ်ရီရီသန့်
LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ကျော်သူ(၁၈)လမ်း၊ တိုက်အမှတ်(၉၀၅)၊ မြေပေအကျယ်ပေ(၄၀x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်RC အဆောက်အအုံမှ ဒုတိယထပ် (၃-လွှာ) (ခြေရင်းခန်း)၊ အခန်းအကျယ် အဝန်းပေ(၁၉x၅၄)၊ အမြင့်(၉)ပေရှိတိုက်ခန်းတစ်ခန်းကို ရောင်းချသူ ဒေါ်ခိုင်သန္တာဇော် ၁၂/ခရန(နိုင်)၀၉၉၁၇၂က အထက်ပါတိုက်ခန်းကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှကြည် ၁၀/မလမ(နိုင်)၀၇၃၇၁၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါ သည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 72W/4065
ယာဉ်လက်ဝယ်ရှိသူ ဦးဟီရာကျန် ၇/ကတခ(ပြု)၀၁၈၇၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 26W/61482
ယာဉ်လက်ဝယ်ရှိသူ ဦးဆူရဲကူမာရ် ၇/ကတခ(နိုင်)၁၁၅၆၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 77W/37149
ယာဉ်လက်ဝယ်ရှိသူ ဦးရာဇ်ကူမာရ် ၇/ကတခ(နိုင်)၂၀၃၈၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

**အများသိစေရန်ကြေညာခြင်း**

**(၁၅-၁၀-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅)ပါ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍လိုအပ်ချက်များကျန်ရှိခဲ့သဖြင့် ပြင်ဆင်ဖြည့်စွက်ကြေညာခြင်း ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၂၀)လမ်း၊ အမှတ်(၅၆၄)နေ ဦးဝင်းနိုင် (၁၂/ဥကတ(နိုင်)၁၇၆၁၇၃) (မန်နေဂျင်းဒါရိုက်တာ၊ NQ Family Construction Company Ltd)နှင့် အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဆင်းသိင်္ဂီလမ်း၊ အမှတ်(၅၆၂)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဗိုလ်ဝင်း ၁၂/ဗဟန(နိုင်) ၀၁၇၆၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(၁၅-၁၀-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅)ပါ ကြေညာချက်၏ ခေါင်းစီးနှင့် ကြေညာချက်အပိုဒ်(၆)တို့အား ပြင်ဆင်ဖြည့်စွက် ကြေညာအပ်ပါသည်။

၆။ ကျွန်ုပ်မိတ်ဆွေနှင့်လူကြီးမင်းတို့သည်ဖော်ပြပါကတိပဋိညာဉ်စာချုပ်အရ ဥပဒေနှင့်အညီ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူအဖြစ် အဆောက်အအုံဆောက်လုပ်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှ လုပ်ငန်းအပ်နှံသူ၏ တာဝန်ကို ကျေပွန်ခဲ့သော်လည်း လူကြီးမင်းကသာအကြောင်းအမျိုးမျိုးပြ၍ တာဝန်ပျက်ကွက်ခဲ့သည့်အပြင် ကျွန်ုပ်မိတ်ဆွေအား မဟုတ်မမှန်စွပ်စွဲချက်များ ပြုလုပ်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းစေအောင်လုပ်ဆောင်နေကြောင်းသိရှိရပါသည်။လူကြီးမင်းယခုကဲ့သို့ပြုလုပ်နေခြင်းသည် ကျွန်ုပ်မိတ်ဆွေထံမှ ငွေကြေးများကို လုပ်ငန်းလုပ်ဆောင်မည်ဟု ကတိပဋိညာဉ်အား လှည့်ဖြားပြုလုပ် ရယူခဲ့ရာရောက်နေပြီး ယုံမှတ်အပ်နှံခြင်းခံရသည့်လုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုဘဲ ထွက်ပြေးတိမ်းရှောင်နေ၍ ကျွန်ုပ်မိတ်ဆွေတွင် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်နေပါသည်။

သို့ဖြစ်၍ ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း လူကြီးမင်းပေးပို့ခဲ့သည့် ၈-၁၀-၂၀၂၄ရက်စွဲပါအသိပေး အကြောင်းကြားစာကိုပြန်လည်ရုပ်သိမ်း ပေးရန်နှင့် ၂၃-၄-၂၀၂၄ ရက်စွဲပါ ကတိစာချုပ်ပါအတိုင်းဆက်လက် ဖြေရှင်း ဆောင်ရွက်ပေးရန်ပျက်ကွက်ပါက ကျွန်ုပ်၏မိတ်ဆွေမှ ဦးဝင်းနိုင် ၁၂/ဥကတ (နိုင်)၁၇၆၁၇၃ (မန်နေဂျင်းဒါရိုက်တာ၊NQ Family Construction Company Ltd)အား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဗိုလ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇော်ဇော်သိန်း | ဦးအောင်ကျော်စိုး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၄၃/၂၉-၁-၂၀၁၆) | (စဉ်-၁၆၇၃၇/၁၂-၅-၁၉၈၈) |
| အမှတ် ၁၃(ဘီ)မေတ္တာလမ်း၊ | အမှတ်၈၄၄(ခ)၊ စာဂ(၁၆)လမ်း၊ |
| ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| ဖုန်း-၀၉၇၉၇၂၇၉၇၂၅ | ဖုန်း-၀၉၉၆၄၆၁၈၀၄၅၊ ၀၉-၆၇၀၀၀၃၂၂၉ |

**အများသိစေရန်ကြေညာခြင်း**

**(၁၅-၁၀-၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅)ပါ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍လိုအပ်ချက်များကျန်ရှိခဲ့သဖြင့်ပြင်ဆင်ဖြည့်စွက်ကြေညာခြင်း ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်၊ စာဂ(၂၀)လမ်း၊ အမှတ်(၅၆၄)နေ ဦးဝင်းနိုင် (၁၂/ဥကတ(နိုင်)၁၇၆၁၇၃) (မန်နေဂျင်းဒါရိုက်တာ၊ NQ Family Construction Company Ltd)နှင့် အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊အမှတ် (၁၈၅၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းထက် ၁၂/ကမရ(နိုင်)၀၄၈၅၄၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(၁၅-၁၀-၂၀၂၄ ) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၅)ပါ ကြေညာချက်၏ ခေါင်းစီးနှင့်ကြေညာချက်အပိုဒ်(၆)တို့အား ပြင်ဆင်ဖြည့်စွက် ကြေညာအပ်ပါသည်။

၆။ ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့သည် ဖော်ပြပါကတိပဋိညာဉ်စာချုပ်အရ ဥပဒေနှင့်အညီ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူအဖြစ် အဆောက်အအုံဆောက်လုပ်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှ လုပ်ငန်းအပ်နှံသူ၏တာဝန်ကို ကျေပွန်ခဲ့သော်လည်း လူကြီးမင်းကသာ အကြောင်းအမျိုးမျိုးပြ၍ တာဝန် ပျက်ကွက်ခဲ့သည့်အပြင် ကျွန်ုပ်မိတ်ဆွေအား မဟုတ်မမှန်စွပ်စွဲချက်များပြုလုပ်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းစေအောင်လုပ်ဆောင်နေကြောင်း သိရှိရပါသည်။ လူကြီးမင်း ယခုကဲ့သို့ပြုလုပ်နေခြင်းသည် ကျွန်ုပ်မိတ်ဆွေထံမှ ငွေကြေးများကိုလုပ်ငန်းလုပ် ဆောင်မည်ဟု ကတိပဋိညာဉ်အားလှည့်ဖြားပြုလုပ်ရယူခဲ့ရာရောက်နေပြီး ယုံမှတ် အပ်နှံခြင်းခံရသည့်လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်နေ၍ ကျွန်ုပ်မိတ်ဆွေတွင် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်နေပါသည်။

သို့ဖြစ်၍ ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း လူကြီးမင်းပေးပို့ခဲ့သည့် ၈-၁၀-၂၀၂၄ ရက်စွဲပါအသိပေး အကြောင်းကြားစာကိုပြန်လည်ရုပ်သိမ်းပေးရန်နှင့် ၂၃-၄-၂၀၂၄ ရက်စွဲ ပါကတိစာချုပ်ပါအတိုင်း ဆက်လက် ဖြေရှင်းဆောင်ရွက်ပေးရန် ပျက်ကွက်ပါက၊ ကျွန်ုပ်၏မိတ်ဆွေမှ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၁၇၆၁၇၃ (မန်နေဂျင်းဒါရိုက်တာ NQ Family Construction Company Ltd)အား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိစေအပ်ပါသည်။

ဦးရဲလင်းထက်၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇော်ဇော်သိန်း | ဦးအောင်ကျော်စိုး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ၊ |
| (စဉ်-၁၀၆၄၃)၂၉-၁-၂၀၁၆ | (စဉ်-၁၆၇၃၇)၁၂-၅-၁၉၈၈ |
| အမှတ် ၁၃(ဘီ)မေတ္တာလမ်း၊ | အမှတ်၈၄၄(ခ)၊စာဂ (၁၆)လမ်း၊ |
| ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ၄ ရပ်ကွက်၊ |
| ဖုန်း-၀၉-၇၉၇၂၇၉၇၂၅ | တောင်ဥက္ကလာပမြို့နယ် |
| | ဖုန်း-၀၉-၉၆၄၆၁၈၀၄၅ ၊ |
| | ၀၉-၆၇၀၀၀၃၂၂၉ |

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၄-၉-၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၃ တွင် ပါရှိသည့် မြိတ်ခရိုင်တရားရုံးတော်၏ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် (တရားကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) အစား (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဒေါ်ခင်ပန်းနုဝေဦး ၁၂/မရက(နိုင်)၁၅၁၃၃၃ ၏ ဖခင်အမည်မှာ ဦးခင်မောင်ဦး (ခ) ကိုကိုဦး၊ ဦးခင်မောင်ဦး (ခ) ဦးကိုကိုဦး နှင့် ဦးကိုကိုဦး ဟု အမည်ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ပိတောက်အိမ်ရာနေ မလေးလေးမြင့်၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ ဖခင် ဦးညွန့်အောင်နှင့် ဦးကိုလေး ၁/ဗမန(နိုင်)၀၁၂၇၆၉ သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးညွန့်အောင်(ခ)ဦးကိုလေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9377 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၄၅၃၂၂ Yinxing 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြူ ၉/ပမန(နိုင်)၁၃၃၇၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## MICRO-IT COMPANY LIMITED Company သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ပြီးစီးခြင်းနှင့် တစ်ဦးတည်းပိုင် ကုမ္ပဏီဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၁၂၉၊ ၃၆ လမ်းနေ ဦးစန်းထက်အောင် (ဘ) ဦးခင်မောင်ချို ၈/အလန(နိုင်)၁၆၃၆၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

MICRO-IT COMPANY LIMITED Company သည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇အရ ၁၅-၂-၂၀၂၂ရက်တွင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းခြင်းအား မှတ်ပုံတင်၍ မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသော ကုမ္ပဏီဖြစ်ပါသည်။

အထက်ဖော်ပြချက်ပါကုမ္ပဏီတွင် အစုရှယ်ယာရှင်များ၊ အဖွဲ့ဝင်များ၊ Director အဖွဲ့ဝင်များ တစ်ဦးတစ်ယောက်မှ ပါဝင်ခြင်းမရှိဘဲ MICRO-IT COMPANY LIMITED Company ၏ ကိစ္စအဝဝနှင့် လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်များအား ကုမ္ပဏီ၏တာဝန်ရှိသူ ဦးစန်းထက်အောင်မှသာလျှင် ဦးဆောင်လုပ်ကိုင်မည်ဖြစ်ပါကြောင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေမသိရှိဘဲ မည်သူမဆို ကုမ္ပဏီနာမည်အလွဲသုံးစားပြုလုပ်ခြင်း၊ အကျိုးစီးပွား ထိခိုက်နစ်နာအောင် ပြုလုပ်ဆောင်ရွက်ခဲ့ပါက မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစန်းထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်တင်မိုးမြတ် | ဒေါ်မျိုးပပအောင် |
| (LL.B) (D.B.L) | (LL.B) |
| (စဉ်-၁၆၂၁၂) | (စဉ်-၁၈၅၁၇) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၄)၊ ပန်းဆိုးတန်းလမ်း၊ ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၆၉၉၁၂၂၉၊ ၀၉-၄၂၀၀၈၄၉၉၂

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ မြေတိုင်းရပ်ကွက်အမှတ်-(၂၀/ခ)၊ မြေကွက်အမှတ် - (၁၈/က)၊ ဧရိယာ ၀ ဒသမ ၁၆၉ဧကရှိ မြေပိုင်မြေနှင့်ပတ်သက်၍ တရားဝင်အမည်ပေါက် ပိုင်ရှင်မှ ကျူးကျော်နေထိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ လသာလမ်း၊ အမှတ်-(၃၉)နေ ကျွန်ုပ်၏အမှုသည် ဦးအေးမောင် ၁၂/လမန(နိုင်)၀၂၄၁၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးအေးမောင်က အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံကို (၁၇-၅-၁၉၉၄) ရက်တွင် မြေကွက်အမည်ပေါက် ဦးဘငွေ၏ အမွေဆက်ခံသူသားသမီးများဖြစ်ကြသော -

ဦးကျော်မြင့်နှင့် ဦးလဝင်းတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်တွင် စာချုပ်အမှတ် (၁၃၂၀/၁၉၉၄) ဖြင့် တရားဝင်မှတ်ပုံတင် ဝယ်ယူပိုင်ဆိုင်အမည်ပေါက်လျက်ရှိသူဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်မှ မြေကွက်ကို စတင်ဝယ်ယူသည့်အချိန်ကစ၍ မြေကွက်ကြီးထဲတွင် ကျူးကျော် အဆောက်အအုံများ၌ နေသူများပါရှိခဲ့သော်လည်း အရေးဆို ဖယ်ရှားခဲ့ခြင်း မပြုလုပ်ခဲ့ပါ

**သို့သော် -**

ယခုအခါတွင် ကျွန်ုပ်အမှုသည်မှ ထိုကျူးကျော်သူများကို အရေးဆိုခြင်းမရှိ ဆက်လက် နေထိုင်ခွင့် ပြုထားခဲ့သော်လည်း ထိုသူများက ကျွန်ုပ်အမှုသည်၏ ပိုင်ဆိုင်မှုအပါအဝင် ဂုဏ်သိက္ခာကိုပါ ထိခိုက်စော်ကားလာသည့် **"ပြုမူဆောင်ရွက်မှု"** များကို မျက်ဝါးထင်ထင်တွေ့ကြုံခံစားလာခဲ့ရပါသည်။

**ထို့ကြောင့်**

ကျွန်ုပ်၏အမှုသည်မှ မိမိပိုင်မြေပေါ်တွင် နေထိုင်သူတို့က မိမိအားသိက္ခာကျစေရန်နှင့် ပိုင်ဆိုင်မှုကိုထိပါးလာသဖြင့်-

မိမိမြေပေါ်ရှိ ကျူးကျော်နေထိုင်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း -

သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဆွေဦး (စဉ်- ၃၈၄၁) ဒေါ်ခင်ချောစုအောင် (စဉ်- ၁၈၈၉၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်သီသီလှိုင် (စဉ်-၅၆၃၀၃)**
**အထက်တန်းရှေ့နေ**
**အမှတ် - ၁၂၆ ၊ ပထမထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၄၈၃၆၃၉၈၊ ၀၉-၄၃၀၈၅၇၇၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၄၂၂)၊ မြေကွက်တည်နေရာအမှတ်(၄၂၂)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်မောင် (CE-၁၀၂၀၀၀)၁၂/ဗဟန(နိုင်)၀၀၈၇၄၂ အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်စာချုပ်အား ဂရန်အမည်ပေါက် ဦးကျော်မောင် (ဖခင်) နှင့် ဒေါ်ထွေးညွန့် (မိခင်)တို့အသီးသီး ကွယ်လွန်ကြသဖြင့် ၎င်းမိဘများမှ မွေးဖွားလာသည့် သားသမီးများဖြစ်ကြသော ဒေါ်အုန်းမြင့် ၁၂/ဗဟန(နိုင်)၀၀၇၆၁၈၊ ဒေါ်တင်တင်မြင့် ၁၂/ဗဟန(နိုင်)၀၃၆၃၂၀၊ ဒေါ်မြတ်မြတ်ထွေး ၁၂/ဗဟန(နိုင်)၀၃၆၃၁၇၊ ဦးအောင်ထူးကျော် ၁၂/ဗဟန(နိုင်)၀၇၄၅၈၆၊ ဒေါ်နှောင်းဝေ ၁၂/ဗဟန(နိုင်)၀၇၄၆၄၄၊ ဦးနေမျိုးအောင် ၁၂/ဗဟန(နိုင်)၀၀၄၁၁၈ တို့ သားသမီး (၆)ဦးအနက်သား(၁)ဦးဖြစ်သူ ဦးနေမျိုးအောင် မှာ လူပျိုကြီးဘဝဖြင့် ထပ်မံကွယ်လွန်သဖြင့် ကျန်သားသမီး(၅)ဦးတို့အနက် မိမိတို့မှာ ကွယ်လွန်သူမိဘများ၏ သားသမီးများတော်စပ်ကြကြောင်း၊ မိမိတို့မောင်နှမ (၆)ဦးမှလွဲ၍ အခြားသောတရားဝင် အမွေစားအမွေခံသားသမီးများမရှိပါကြောင်း၊ မိဘများကွယ်လွန်ပြီး အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ကျန်ရစ်သူသားသမီး(၅)ဦးသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း၊ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏ သေစာရင်း၊ မောင်ဖြစ်သူ ဦးနေမျိုးအောင် သေစာရင်း၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းတို့နှင့် ဒေါ်မြတ်မြတ်ထွေး ကိုယ်တိုင်နှင့်ကျန်(၄)ဦးထံမှ GPအမှတ်(၇၉၅၅/၂၀၂၃)၊ GPအမှတ်(၂၀၄၂၉/၂၀၂၃)တို့ဖြင့် GPပါဝါ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်တို့နှင့်အတူ GPဒေါ်မြတ်မြတ်ထွေး+(၄)ဦးတို့မှ ပိုင်ဆိုင်/စွန့်လွှတ် မြေပုံကူးလျှောက်ထားလာရာ မြေပြင် ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ် အုတ်ညှပ်အိမ်တစ်လုံးရှိပြီး အိမ်ငှားထားရှိပါသည်။ ကွင်းဆင်းသိရှိကြောင်း ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် GP ဒေါ်မြတ်မြတ်ထွေး+(၄)ဦးတို့မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မရမ်းကုန်းခရိုင် တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၅

| | | |
|---|---|---|
| ဒေါ်နုနုဝေ | နှင့် | ဒေါ်သိန်း |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်-၂၄၅ နေ (ယခုနေရပ်လိပ်စာမသိ) သူ ဒေါ်သိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲကိုကို)
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၃)၊ ကသဲစု အရှေ့အကွက်၊ ဦးပိုင်အမှတ် (၃-ခ)၊ ဧရိယာ ၀ ဒသမ ၃၀၆ဧကအတွင်းမှ ဧရိယာ ၀ ဒသမ ၁၇၄ဧကရှိ ဒေါ်ခင်နန်းမော်၊ ဦးသော်ထက်၊ ဒေါ်ခင်အေးမော်၊ ဒေါ်အေးယုမော်တို့၏အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ ကသဲတန်းလမ်း၊ အမှတ်(၃၉၅)နေ ဦးသန့်ဇင်၊ ဒေါ်ရီရီမွန်တို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီး သင်္ချိုင်းအကွက်၊ ဦးပိုင်အမှတ် (၂-ဏ)၊ ဧရိယာ၀ ဒသမ ၀၂၆ဧကရှိ ဦးလှကြီး(ခ)ဦးစိုးဝင်း အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ အမှတ်(၆၂)နေ တို့စန်လျှောင်(ခ)ဦးစန်းလွင်မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ ဟားခါးလမ်း၊ မြေကွက်အမှတ် (၄၆/က)၊ မြေအကျယ်အဝန်းပေ(၂၀x ၆၀)ရှိ ဦးအေးမောင် အမည်ပေါက် မြေချပါမစ် မြေကွက်၏ မြေရင်းမြစ်၊ အကျယ်အဝန်းပေ (၁၀ x ၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးအေးမောင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးသူရဇော် ၈/အလန(နိုင်)၁၃၉၀၄၆ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဂရေစီအေးမြင့် (L L . B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၆၈၇/၂၀၁၇)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ B(၅)လမ်း၊ တိုက်အမှတ်(၂၆)၊ အခန်း(၂၀၄)၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ (၅)ထပ်တိုက်၊ (၄)ခန်းတွဲအဆောက်အအုံ၏ ဒုတိယထပ် အကျယ်အဝန်းပေ (၂၄x၂၆)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်နွဲ့ဝီလျာ ၁၁/စတန(နိုင်)၀၅၁၆၀၃ မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်သက်ထားဦး ၁၂/လသယ(နိုင်)၀၃၆၇၆၅ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သက်ထားဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင်**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရှမ်းပွဲ၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ ၀ ဒသမ ၀၆၅ဧကရှိ ဦးမောင်တုတ်(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်လင်းအောင် ၉/ပမန(နိုင်)၁၇၀၅၀၅မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၉လမ်း၊ အမှတ်(၃၆)ဟု ခေါ်တွင်သော (၇)ထပ်တိုက် အဆောက်အအုံ၏မြောက်ဘက်ခန်း၊ ၆လွှာ(မြောက်)၊ အကျယ်အဝန်းပေ(၁၃'၄"x၅၀')ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံသူ ဒေါ်သင်သင်းကြူ ၁၂/လသန(ပြု)၀၀၀၀၆၅နှင့် ဒေါ်ဝင်းဝင်းခိုင် ၁၂/လမတ(နိုင်)၀၁၉၈၉၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးနန်းချစ်ဦး** | **ဦးဇေဝင်းထွဋ် (LL.B)** |
| **၈/ရခန(နိုင်)၁၂၅၇၈၄** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၀၁)** |
| | **အမှတ်၁၇/၁၉၊ တိုက်(စီ)၊ မြေညီထပ်၊ စေတနာမွန်လမ်း၊** |
| | **တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၂၄၁၆၀၀** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၆၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးဝင်းကို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေးအေးသိန်း ၉/ခအဇ(နိုင်)၀၁၄၅၆၄မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **ဦးစိုင်းဆိုင်ကော်မိန်း ၁၃/မဆတ(နိုင်)၀၄၄၂၉၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ရိမ်းကြည်(ပုသိမ်)
**B.A, B.Ed**
**အသက် (၁၀၈)နှစ်**

ပုသိမ်မြို့၊ တံတားကြီးတန်းလမ်းနေ (ဦးသန်း-ဒေါ်ရင်)တို့၏သမီး၊ (ဦးစိန်အုပ်-ဒေါ်အိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ ရတနာလမ်းသွယ်၊ ၃၃(စီ)နေ (ဒေါက်တာ အေးလှိုင်)၏ဇနီး၊ ဒေါက်တာဆွေဆွေအေး၊ ဦးသာကျော်အောင်-ဒေါက်တာ ဒေါ်အေးမြင့်၊ (ဒေါက်တာနေဝင်း-ဒေါက်တာဝင်းဝင်းအေး)တို့၏မိခင်၊ ဒေါက်တာဉာဏ်ပိုင်ဝင်း၊ Johannes Chuah-မိုးမိုးမြင့်တို့၏အဘွား၊ Airalyn Thiri Chuah, Kallen Zeyar Chuah တို့၏ဘွားဘွားကြီးဖြစ်သူ ဒေါ်ရိမ်းကြည်သည် ၁၃-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၁၀:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၂၄ ရက်၊ (စနေနေ့)၊ နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဘောဘီအောင် (ခ) ဒေါ်မြင့်မြင့်ဝေ
**အသက်(၈၀)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်အောင်-ဒေါ်သန်းခင်)တို့၏သမီးကြီး၊ မုံရွာမြို့၊ ကန္တားလမ်းနေ (ဦးတင်မောင်-ဒေါ်ကြင်ညွန့်) တို့၏ချွေးမ၊ (ဦးတင်ညွန့်) ဩစတြေးယားသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်၏ဇနီး၊ မခေမာညွန့်၊ ကိုကျော်စွာညွန့်၊ ကိုနန္ဒာညွန့်တို့၏မိခင်၊ မောင်ကျော်စည်သူညွန့် ၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၄-၁၀-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၁၁:၅၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြာအပ်ပါသည်။

(အမှတ်-၆၃ ၊၁၅၇လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ -၂၀(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၉**

ဒေါ်နီနီလွင် နှင့် ဦးလှကြည်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဥက္ကာ(၆)လမ်း၊ အမှတ် - (၁၆၀/ဘီ) နေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးလှကြည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းမြေနှင့် အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကွင်းအမှတ် (၁၇အိပ်၊ ဆံတော်တွင်းရပ်၊ ဦးပိုင်အမှတ် (၂၅ခ)၊ ဧရိယာ (၀.၀၂၅) ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် ကွင်းအမှတ် (၁၇ဂျီ)၊ ကျောက်ဖူးလီးကုန်းရပ်၊ ဦးပိုင်အမှတ် (၂ဆ)၊ ဧရိယာ (၀.၀၁၆)ဧကရှိ ဘိုးဘပိုင်မြေကွက်တို့အား ဒေါ်ချွန်သန့်ဇင်အမည်သို့ အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချွန်သန့်ဇင်**
**ဖုန်း-၀၉-၉၆၅၆၉၇၁၃၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်နေ ဦးရွှေဦး-ဒေါ်မြသောင်းတို့၏ သမီးဖြစ်သူ မနီလာရွှန်းလဲ့ထွေး (၅/မရန(နိုင်) ၃၄၅၀၁၄သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအားလုံးကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးရွှေဦး-ဒေါ်မြသောင်း**

## "ကျေးဇူးတင်လွှာ"

ကျေးဇူးရှင် ဖခင်ကြီး **ဒေါက်တာအောင်ချစ်(ဆရာချစ်၊ စစ်တွေ)၊** အသက်(၉၁)နှစ် ကွယ်လွန်သည့်နေ့မှ နာရေးကိစ္စပြီးဆုံးသည်အထိ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ နာရေးအားလိုက်ပါပို့ဆောင်ပေးကြပါသော ရဟန်း၊ ဌာနအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ နှစ်သိမ့်ကူညီပေးကြသော ရဟန်းရှင်လူ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်း သူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ကြည်း/၁၀၂၁၆ ဗိုလ်မှူးလှဝင်း(ငြိမ်း) OTS (30)**
**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၁၆)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၂၄၉)နေ (ဒေါ်သောင်းရွှေ)၏ခင်ပွန်း ဗိုလ်မှူးလှဝင်း(ငြိမ်း) သည် ၁၃-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (30) ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးအောင်မျိုးလွင် (တပ်မတော်-ရေ-ငြိမ်း) အသက်(၅၇)နှစ်သည် ၁၄-၁၀-၂၀၂၄ ရက်(တနင်္လာနေ့) ညနေ (၅)နာရီတွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈)မှ သူငယ်ချင်း မိသားစုများ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မပပမိုး ၇/ညလပ (နိုင်)၂၁၉၇၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၄၀၁၃၈၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃) ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးမျိုးကျော်စွာလွင် ၉/ပမန(နိုင်) ၁၄၅၃၄၁ အစား ၉/ပမန(နိုင်) ၁၄၅၄၃၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ ကွင်းအမှတ်(၄၄)၊ ဦးပိုင်အမှတ်(၇-ဃ)၊ (၅)ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၉-ဘီ)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၃၄/၄၅ပေ Xအနံ ၅၆/၆၀ပေ)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ RC(၂)ထပ် တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စပါယ်ဖြူအောင် ၁၂/မရက(နိုင်)၀၅၇၃၇၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက စရန်ငွေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်(၂)ထပ်တိုက်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မမသောင်း(LL.B,D.I.L)** | **ဒေါ်ချောနန္ဒာ(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈/၈၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၇၁/၁၆)** |
| **ဖုန်း-၀၉-၄၂၀၁၈၇၂၆၈** | **ဖုန်း-၀၉-၄၂၆၀၆၀၃၈၈** |

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လမ်း (၅၀)အလယ်ဘလောက်၊ (၃+၄)လွှာ၊ အမှတ်(၈၀)ရှိ တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အိမ်ကြီးလမ်း၊မြေညီထပ်၊ အမှတ် (၂၈)ရှိ တိုက်ခန်းများ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ နှင့်(AGD Bank)ရှိ ဦးဦးမြင့် ၁၂/ကတတ(နိုင်) ၀၀၈၆၂၀ အမည်ဖြင့် FIXED ACCOUNT ဖွင့်လှစ်ထားသော (Bank)စာအုပ်နှင့် ချလန်များပျောက်ဆုံးလျက်ရှိပါသည်။ ယခုအခါ ဦးဦးမြင့်မှာသေဆုံးပြီးဖြစ်၍ ၎င်း၏တရားဝင် တစ်ဦးတည်းဇနီးမယားဖြစ်သူ ဒေါ်ခင်မြအိမှ သာ အထက်စာရင်းပါ ပစ္စည်းများအား ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် ဒေါ်ခင်မြအိ မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ အကျိုးခံစားခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ အထက်ပါစာရင်းပါ ပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းများရှိခဲ့ပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်မြအိ ၁၂/ကတတ(နိုင်)၀၀၈၀၀၅ ၏လွှဲအပ်ချက်အရ**
**ဒေါ်အိဇေယျာဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၆၃၅/၁၁-၉-၁၅)**
**အမှတ် ၄၁၅၊ စိန်ပန်းလမ်း၊(၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၇၈၇၀၆၂၂၁၅**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း (အုတ်ဖိုမြို့)
**ဒုတိယညွှန်ကြားရေးမှူး (စားထွေ-ငြိမ်း) စီးပွား/ ကူးသန်း**
**အသက် (၈၁) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကန်သာယာလမ်း C-76 FMI City နေ(ဦးချစ်ဦး-ဒေါ်အုန်းခင်)တို့၏သား၊ (ဦးငယ်-ဒေါ်လှတင်)တို့၏သားသမက်၊ [ဆရာမ ဒေါ်တင်ရီ (အထက-၃လှိုင်)၏ ခင်ပွန်း၊ ဦးသူရ-ဒေါ်ဝင်းမော်ဦး၊ ဦးကျော်ဇေဝင်း-ဒေါ်မီမီဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ ဆုနှင်းထက်၊ သစ်ဆန်းဇော်၊ လူမွန်ဝင်း၊ ကလျာမီမီဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်အဘိုးသည် ၁၄-၁၀-၂၀၂၄ရက်(တနင်္လာနေ့) ည ၆:၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၆-၁၀-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်အောင်နိုင်ဦး (ခ) ဒေါ်အေးလှ
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်းမောင်-ဒေါ်မြရင်)တို့၏ သမီး၊ (ဦးစိန်မြင့်-ဒေါ်လှဝင်း) (ရွှေကျီးဘိနပ်)၊ ဦးအုန်းလွင်(ခ) ဦးမောင်ရီ-(ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ပူစူး)၊ ဦးလှသိန်း-ဒေါ်ခင်ပြုံးတို့၏ညီမ၊ ဦးစိန်ညွန့်-ဒေါ်သိင်္ဂီသန်းတို့၏ အစ်မ၊ ဦးနေလင်း-ဒေါ်စန္ဒာချိုတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ (ဒု-ဗိုလ်မှူးကြီး စိန်ဘန်း+ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (ဦးစိုးမင်း)၏ ဇနီး သည်(၁၄-၁၀-၂၀၂၄)ရက် (တနင်္လာနေ့) မွန်းလွဲ(၁၂:၃၀)နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား (၁၆-၁၀-၂၀၂၄)ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ (၂၀-၁၀-၂၀၂၄)ရက် တနင်္ဂနွေနေ့တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား အာရုံဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အမှတ်(၆၅၁)၊ စစ်ကိုင်း (၂၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်(၁၁:၄၅) နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/3018, NEW Aibo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာ ၁၄/မအပ(နိုင်) ၂၁၉၁၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/73886, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောပါပလု ၁၄/ညတန(နိုင်) ၁၅၆၇၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၉)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၅)၊ မြေကွက်အမှတ်(၁၂၁၊ ၁၁၉)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဒေါ်မေဇင်ဦးမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကက-ခင်မောင်ဝင်း ကိုယ်ပိုင်အမှတ် ၄၂၃၄၅၇၊ ၇/တငန(နိုင်)၀၀၈၂၂၉(ဘ)ဦးမောင်မြင့် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၆၀၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်အုန်းဆင့်၇/တငန(နိုင်)၀၀၅၉၆၉(ဘ)ဦးချစ်တင်မှတရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကကခင်မောင်ဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | အမည် | မြို့ | ရပ်ကွက် | အကွက်အမှတ်/အမည် | ဦးပိုင် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမင်းဆွေမြတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၁၇/ဆ၊R-၁၇/ဇ | ၀.၂၈၅ | အသစ် |
| ၂ | ဦးမင်းဆွေမြတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၁၇/ခ | ၀.၀၈၆ | အသစ် |
| ၃ | ဦးမင်းဆွေမြတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၁၇/ဃ | ၀.၁၄၃ | အသစ် |
| ၄ | ဦးမင်းဆွေမြတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၁၇/က | ၀.၀၈၄ | အသစ် |
| ၅ | ဦးမင်းဆွေမြတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၁၇/စ၊R-၁၇/င၊ R-၁၇/ဈ | ၀.၄၂၃ | အသစ် |
| ၆ | ဦးတင်ထွန်းအောင် ပါ(၃) | ပုသိမ် | အမှတ်(၃) | ၃၈/ပုလိပ်ကျောင်း | ၂-ဇ | ၀.၀၃၆ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...**

❖ **မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံ၊ မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး၊ ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား အောက်တိုဘာလ ၁၄ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အမှာစကားပြောကြားသည်။


အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်းသိုတပ်နယ်ရှိ အရာရှိစစ်သည်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်



နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❐


ယနေ့ သတင်းအညွှန်း

သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

ပြည်တွင်းသတင်း စာ ၁၉

လက်ဘန္ဒန်၌ အပစ်အခတ်ရပ်စဲမှုများ ချက်ချင်းပြုလုပ်ရန် ကုလသမဂ္ဂအရာရှိများတောင်းဆို

နိုင်ငံတကာသတင်း စာ ၂၀